http://www.dhammadownload.com

ရတနာစံဦးတိုက်

ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏အဓိပတိ

## မြောက်ဦးဆရာတော်

ဟောကြားအပ်သော

# အကာပယ်ပစ် အနှစ်ကိုရှာ တရားတော်

http://www.dhammadownload.com

- ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက် ချထားရမယ် ဒီလူ့ဘဝရလာတာဟာ ကုသိုလ်လုပ်ဖို့ပါပဲ။
- ဒီဝိပဿနာလုပ်ငန်းစဉ်ဟာ လူကြီးလူငယ်မခွဲခြားဘဲ အမှန်ကျင့်ကြံအားထုတ်ရမယ့် အလုပ်ပါ။
- ကိုယ်က အပြောသမားဘဝနဲ့ အချိန်မကုန်စေဘဲ လက်တွေ့သမားဖြစ်အောင် ကြိုးစားရမယ်။
- ဒါကြောင့် အချိန်ရှိခိုက်လုံ့လစိုက်ပြီး လသာတုန်းဗိုင်းငင်ကြပါ။
- ကိုယ်ပိုင်အလုပ်ကို ကိုယ်တိုင်လုပ်ပါမှ ကိုယ်ပိုင်ရတယ်လို့မှတ်ပါ။

ရတနာမာန်အောင်ဆရာတော်

http://www.dhammadownload.com


ရတနာမာရ်အောင်တောရ
ဓမ္မရိပ်သာများ၏ အဓိပတိ

## မြောက်ဦးဆရာတော်

ဟောကြားအပ်သော

# အကာလပယ်ပစ် အနှစ်ကိုရှာ

# တရားတော်



(ယောဂီများအတွက်သာ)

သာသနာ ၂၅၅၄၊ ကောဇာ ၁၃၇၂၊ ခရစ် ၂၀၁၁

http://www.dhammadownload.com

၂၀၁၂ ခုနှစ်၊ ဧပြီလ

ဒုတိယအကြိမ်

အုပ်ရေ - ၁၀၀၀

# ဓမ္မဒါန




ရန်ကုန်

**ဒါယကာ၊ ဒါယိကာမများမှ**

လှူဒါန်းထုတ်ဝေသည်။

http://www.dhammadownload.com



**ကမ္မဋ္ဌာနာစရိယ အရှင်ဝါယာမိန္ဒ**

ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

http://www.dhammadownload.com

# အကာပယ်ပစ် အနှစ်ကိုရှာ

ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာ ရတနာမြတ်သုံးပါးအပေါင်းတို့၏ သန္တာန်မှာကိန်းနေတဲ့ သီလဂုဏ်၊ ထူးမြတ်တဲ့ သမာဓိဂုဏ်၊ ထူးမြတ်တဲ့ ပညာဂုဏ် တို့ကို ရှိသေမြတ်နိုး လက်ဆယ်ဖြာ ဦးထိပ် မှာမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန် တော့ရသော ပူဇဝ္တ္တ သက္ကစ္စ ဂါရဝ ပဏာမ ကုသိုလ်ကံ စေတနာ၊ သဒ္ဓါ၊ ပညာ၊ ဝီရိယ ဓာတို့ကြောင့် မိမိတို့ အလိုရှိအပ်၊ တောင့် တအပ်၊ ကြံစည်အပ်၊ မြတ်နိုးအပ်သော မအို မနာ မသေ အမြဲနေရာဖြစ်သော မြတ် နိဗ္ဗာန်သို့လည်းကောင်း၊ ဒုက္ခခပ်သိမ်း ချုပ် ငြိမ်း၍ ဓာတ်သိမ်းရာဖြစ်သော နိဗ္ဗာန်သို့

http://www.dhammadownload.com



လည်းကောင်း၊ တစ်ထောင့်ငါးရာ ကိလေသာ အပူခာတ် အလောင်ခာတ်တို့ရဲ့ ငြိမ်းရာ သိမ်းရာ ချုပ်ရာဖြစ်သော မင်္ဂဖိုလ်နိဗ္ဗာန် တရားထူးတရားမြတ်ကို ယခုအားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်က လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်ကြပါစေ။

* * *

အပ္ပမာဒေနသမ္ပာဒေထလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မဟာပရိနိဗ္ဗာနသုတ္တန်ဒေသနာတော် နောက်ဆုံးပစ္ဆိမဗုဒ္ဓဝစနာစကား နောက်ဆုံးအမိန့်ရှိတော်မူတဲ့ စကားလုံးလေးတစ်လုံးကို ဒီနေ့ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ နှလုံးသွင်းရမှာဖြစ်ပါတယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် သူ့ရဲ့ တပည့်သားသာဝကတွေကို စိတ်မချဘူး။ စိတ်မချဘူးဆိုတာက ဘာကြောင့် စိတ်မချတာလဲဆိုလို့ရှိရင် လောကမှာ လူတိုင်းဟာ မေ့လျော့ပေါ့ဆကြတယ်။ ဘာဖြစ်ကြတယ်။

http://www.dhammadownload.com



*"မေ့လျော့ပေါ့ဆကြပါတယ်ဘုရား"*

မေ့တတ်ကြတယ်နော်။ ဘယ်ဟာတွေပေါ်မှာ မေ့လျော့နေတတ်ကြသလဲလို့ မေးလို့ရှိရင် ကုသိုလ်တရားတွေပေါ်မှာနော်။ ဘယ်ပေါ်မှာတဲ့လဲ။

*"ကုသိုလ်တရားတွေပေါ်မှာပါဘုရား"*

ကုသိုလ်ကောင်းမှုတွေပေါ်မှာ လူတိုင်းလူတိုင်းဟာ မမေ့တတ်ဘူးလား။

*"မေ့တတ်ပါတယ်ဘုရား"*

မေ့တတ်ကြတယ်။ အဲသလို မေ့လာတဲ့အတွက်တာကြောင့် ဒီနေ့ တရားနာနေကြတဲ့ ပရိသတ်များဟာ သံသရာစခန်းကြီးမှာဖြင့် ပင်ပန်းကြီးစွာဖြင့် မျောမလာကြဘူးလား။

*"မျောလာကြပါတယ်ဘုရား"*

ဩော်...ဘာကြောင့်များ ဒို့ ဒီလောက်မျောလာကြပြီးသကာလ ဒုက္ခတွေ ပင်လယ်ဝေခဲ့ရတာလဲလို့ စစ်ဆေးလို့ရှိရင် ဘာကိုမေ့ခဲ့လို့။

*"ကုသိုလ်ကောင်းမှုတရားပါဘုရား"*

http://www.dhammadownload.com



ကုသိုလ်ကောင်းမှုတရားဟာ သူများလုပ်ရမှာလား၊ ကိုယ်လုပ်ရမှာလား။

*"ကိုယ်လုပ်ရမှာပါဘုရား"*

ကိုယ်လုပ်ရမယ့် အတွက်တာကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက သူကိုယ်တိုင် သိတော်မူလို့၊ မြင်တော်မူလို့... ကွယ်တို့ ...ငါဘုရားညွှန်ပြခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ထဲမှာ ငါဘုရား ဟောဖော်ညွှန်ပြ ဆိုဆုံးမအပ်သော တရားဓမ္မတွေကို မေ့လျော့ပေါ့ဆ မနေကြလေနဲ့တဲ့။ ဟုတ်လား...။ မေ့လို့ရှိရင် ကုသိုလ်ဝင်မှာလား၊ အကုသိုလ်ဝင်မှာလား။

*"အကုသိုလ်ဝင်မှာပါဘုရား"*

အကုသိုလ်ဝင်တယ်၊ ပရိသတ်များနော်။ ဘာဝင်တယ်...ပြန်ပြောပါဦး။

*"အကုသိုလ်ဝင်ပါတယ်ဘုရား"*

ဒီတော့ အကုသိုလ်အာရုံတွေ မဝင်မိအောင်ကတော့ ဘာနဲ့တားမြစ်ထားရမှာတဲ့လဲ။

*"ကုသိုလ်နဲ့ပါဘုရား"*

http://www.dhammadownload.com



ကုသိုလ်အာရုံတဲ့နော်။ ဒီတော့ ဘုန်းကြီးတို့ ဒကာ,ဒကာမအပေါင်း သူတော်ကောင်းများ လောဘအာရုံကို တိုက်ထုတ်ရမှာက အလောဘနော်။ လောဘကို တိုက်ထုတ်ရမှာ ဘာတဲ့လဲ။

*"အလောဘပါဘုရား"*

လိုချင်သောစိတ်ကို လှူချင်သောစိတ်ဖြင့် တိုက်ထုတ်ရတယ်။ ဟုတ်လား...။ ဒီတော့ ဒေါသကြီးတဲ့ပုဂ္ဂိုလ်ကို မေတ္တာနဲ့တိုက်ထုတ်ရတယ်။ အဒေါသတဲ့၊ ဟုတ်လား...။ ဒီတော့ ဒကာ,ဒကာမအပေါင်း သူတော်ကောင်းများ ...ဒီလောဘ၊ ဒေါသတရားတို့သည် မိမိတို့အတွက် အဆိပ်နဲ့တူသတဲ့။ ဘာနဲ့တူတာတဲ့လဲ...။

*"အဆိပ်နဲ့ပါဘုရား"*

ဒီပုဂ္ဂိုလ်တွေရဲ့သန္တာန်ထဲမှာ မရှိဘူးလားဆိုတော့ ခန္ဓာထဲမှာ အမြဲတမ်းရှိတယ်နော။ အမြဲတမ်းရှိနေတဲ့ ဒီအာရုံကို ကိုယ်ကသာ မသိတာ၊ ဟုတ်လား။ လောဘတွေလည်း ဖြစ်နေတာပဲ။ ဖြစ်လည်း မသိဘူး။ ဒေါသ

http://www.dhammadownload.com



လည်းဖြစ်တာပဲ။ လူတစ်ယောက်နဲ့ တစ်ယောက် စကားပြောမတည့်တော့ ဒေါသဝင်မလာဘူးလား။

*"ဝင်လာပါတယ်ဘုရား"*

ဝင်တော့ ဘာစိတ်လဲ။ နှလုံးမသာယာတဲ့စိတ်နော်။ နှလုံးမသာယာတဲ့စိတ်ပေါ်ရင် ဒေါသ ဟုတ်လား။ *ဥပမာ–အဆောင်တွေမှာ ညအိပ်တယ်ဆိုကြပါစို့။ အိပ်တုန်းဆဲဆဲမှာ ယောဂီတစ်ယောက်က ထ,အော်နေမယ်ဆိုရင် အိပ်နေတဲ့ပုဂ္ဂိုလ်တွေအတွက် လန့်နိုးတယ်ပေါ့။ လန့်နိုးတော့ အဲဒီအနီးအနားပတ်ဝန်းကျင်ကို မထိခိုက်ဘူးလား။

*"ထိခိုက်ပါတယ်ဘုရား"*

ထိခိုက်တော့ စိတ်ဆိုးကြတယ်။ စိတ်ဆိုးတော့ ဒေါသတွေဖြစ်ပြီး နှလုံးမသာယာတဲ့စိတ် မပေါ်ဘူးလား။

*"ပေါ်ပါတယ်ဘုရား"*

ဒီဒေါသစိတ်သည် ဘုန်းကြီးတို့ ပရိသတ်များ အလိုလိုပေါ်သလား၊ အကြောင်းတိုက်ဆိုင်လို့လား။

http://www.dhammadownload.com



*"အကြောင်းတိုက်ဆိုင်လို့ပါဘုရား"*

အကြောင်းအာရုံကို လက်ခံလို့ပေါ်တာ နော။ အဲဒီအကြောင်းအာရုံပေါ်လိုက်ပြီ ဆိုရင် ပေါ်ခွင့်ရတယ်ဆိုရင် သုခသဘော လား၊ ဒုက္ခသဘောလား။

*"ဒုက္ခသဘောပါဘုရား"*

ကံမြောက်သွားတာပေါ့။ ဒါကြောင့် ဒကာ,ဒကာမတွေ ဘာဖြစ်ဖြစ် ကိုယ့်ကိုယ် ကိုစောင့်ရှောက်ဖို့ အရေးကြီးတယ်နော်။ မိမိ ကိုယ်ကိုစောင့်ရှောက်ရတယ်။ အများနဲ့နေ တဲ့ နေရာမှာ ဘုန်းကြီးတို့ ခဏခဏတွေ့ရ တယ်။ နေရာတိုင်း လိုက်လိုက်ပြောဖို့ဆိုတာ လည်း မလွယ်ကူဘူး။ အိပ်တဲ့အခါလည်း ဘုန်းကြီးတို့က အချိန်မစေ့ဘဲ မထဖို့၊ အော် ကျယ်ကျယ်မလုပ်ဖို့ တချို့ဆို ဘုရားရှိခိုး လည်း အော်ကျယ်ကျယ်နဲ့ သိပ်လုပ်တယ်။ မလုပ်ရဘူး။ ဒါတွေအလိုက်သိရတယ်နော။ ကိုယ့်ကို စိတ်ကလေးနဲ့ရှိခိုးလည်းရတာပဲ။ ဒါကြောင့် မိမိကိုယ်ကိုပြုပြင်ကြပါ။ တော် ကြာ တစ်ယောက်နဲ့တစ်ယောက် စကား

http://www.dhammadownload.com



များနေကြပြန်ပြီ။ စကားများတယ်ဆိုတာ ကုသိုလ်ဖြစ်ကုန်သလား၊ အကုသိုလ် ဖြစ်ကုန်သလား။

*"အကုသိုလ်ဖြစ်ပါတယ်ဘုရား"*

ဒီတော့ အကုသိုလ်ပွားဖို့လာတာလား၊ ကုသိုလ်ပွားဖို့၊ တရားပွားဖို့လာတာလား။

*"ကုသိုလ်ပွားဖို့ပါဘုရား"*

အေး....ဒါကြောင့် အရေးကြီးတယ်။ တစ်ယောက်နဲ့တစ်ယောက် ခိုက်ရန်ဒေါသဖြစ်ကြတာ ဘာအာရုံမရှိလို့။

*"ကုသိုလ်အာရုံပါဘုရား"*

ကုသိုလ်အာရုံနော်။ ခန္ဓာကိုယ်မှာ တရားအာရုံလေး ထုံမွမ်းမထားလေသောကြောင့် အလိုက်မသိတဲ့ပုဂ္ဂိုလ်က အလိုက်မသိတော့ ခံရတဲ့ ပတ်ဝန်းကျင်ကလည်း ဒေါမနဿဖြစ်တော့ ပဋိစ္စသမုပ္ပါဒ်ကြီး မလည်နေဘူးလား။

*"လည်နေပါတယ်ဘုရား"*

အေး...လည်နေတယ်ဆိုရင် ပရိသတ်များ တရားအားထုတ်ခြင်းသည် တရား

http://www.dhammadownload.com



မဖြစ်ပါဘဲ မတရားဖြစ်နေတတ်တယ်။ ဒါကိုကြည့်ရတယ်။ စည်းကမ်း၊ စနစ်လေး တွေကိုလည်း ဘုန်းကြီးတို့ပေးထားတဲ့အတိုင်း လိုက်နာတတ်ရတယ်။ နားထောင်ထားရတယ် နော်။ အဲဒါလေးတွေကိုလိုက်နာမှ ကိုယ့် အတွက် ကျေးဇူးများတယ်။ ခန္ဓာတစ်ကိုယ် လုံးမှာ ကုသိုလ်အာရုံနဲ့ ထုံမွမ်းထားပါမှ ကျေးဇူးများတယ်နော။ ဘာအာရုံတဲ့လဲ။

*"ကုသိုလ်အာရုံပါဘုရား"*

အေး...ဒကာ,ဒကာမတွေ ဘာကြောင့် ကုသိုလ်အာရုံကို မွေးမြူရမလဲလို့ မေးလို့ရှိ ရင်ဖြင့် ဒီကနေ့ တရားစခန်းကို အကာကို ပစ်ပြီး အနှစ်ကိုရှာရအောင်လာတာ။ သား ပစ်၊ သမီးပစ်၊ ပစ္စည်းဥစ္စာတွေ၊ စီးပွားရေး တွေကို ခဏကျောခိုင်းပြီး ကျောင်းကို လာ တာ ဟုတ်ကဲ့လား။ အဲသလို စီးပွားရေးနဲ့ အစစအရာရာတွေကို ဖြစ်သလိုထားခဲ့ပြီး ငါ တရားအလုပ်သွားလုပ်မယ်ဆိုပြီးတော့ အကာကိုပစ်၍ အနှစ်ကိုရှာမလို့လာတာ။ ဟုတ်လား။

http://www.dhammadownload.com



*“တင်ပါ့ဘုရား”*

ဒီတော့ အကာကို ပြန်ရောက်နေမယ် ဆိုတော့ ကောင်းပါ့မလား။

*“မကောင်းပါဘုရား”*

ဒါအရေးကြီးတယ်နော။ ဘုန်းကြီးဟော လိုရင်း တရားနာမည်က ဘာတဲ့လဲဆိုတော့ “အကာပယ်ပစ်၊ အနှစ်ကိုရှာ” ဟုတ်လား။ ဘာတဲ့လဲ။

*“အကာပယ်ပစ်၊ အနှစ်ကိုရှာပါဘုရား”*

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဒီ တရားကို ဘယ်မှာဟောတော်မူသလဲလို့ ဆို လို့ရှိရင် ပုဗ္ဗာရုံကျောင်းတော်မြတ်မှာ ဟော တာ။ ဝိသာခါကျောင်းအမ ဆောက်လုပ် လှူဒါန်းအပ်သော ပုဗ္ဗာရုံကျောင်းတော်မြတ် မှာ ဘာတရားဟောသလဲဆိုရင် အကာကို ဖယ်ပစ်၊ အနှစ်ကိုရှာတရားနော်။ ဟောတဲ့ အခါကျတော့ ဘာကြောင့် အကာကိုပစ်ပြီး အနှစ်ကိုရှာရသလဲ၊ ဘာတွေက အကာဖြစ် ပြီး ဘာတွေက အနှစ်တွေလဲလို့ သိစေချင် လို့နော်။

http://www.dhammadownload.com



လောကမှာ လူတိုင်းလူတိုင်းဟာ ကုသိုလ်ကောင်းမှုတော့ လုပ်တော့ လုပ်တယ်။ သို့သော်လည်း တချို့တချို့သော ပုဂ္ဂိုလ်တွေ ကုသိုလ်တော့လုပ်ပါရဲ့၊ ဒါပေမဲ့ မခွဲခြားတတ်ကြဘူးတဲ့။ ဒါကို ဘုရားက သစ်ပင်ကြီးတစ်ပင်နဲ့ ဥပမာပြတယ်။ သစ်ပင်ကြီးတစ်ပင်မှာ ဘာတွေရှိသလဲဆိုရင် ပထမ အပွေးဆိုတာ မရှိဘူးလား။

*"ရှိပါတယ်ဘုရား"*

ပြီးတော့ အပွေးရဲ့အောက်က အခွံတဲ့။ ဘာတဲ့လဲ။

*"အခွံပါဘုရား"*

အဲဒီအခွံရဲ့အောက်ဝယ် အကာတစ်မျိုး ရှိပြန်တယ်။ ဘာတဲ့လဲ။

*"အကာပါဘုရား"*

အကာရဲ့အောက်ကမှ အနှစ်ဆိုတာ ရှိတယ်လို့ ဘယ်နှစ်မျိုးပြသလဲ။

*"လေးမျိုးပါဘုရား"*

လေးမျိုးနော်။ ဘာတဲ့လဲ...ပြန်ပြောပါဦး။ အပွေးရယ်၊ အခွံရယ်၊ အကာရယ်၊ အနှစ်

http://www.dhammadownload.com



ရယ်နော်။ အဲဒါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပရိသတ်လေးပါးတို့ရှိတဲ့ကာလအခါသမယဝယ် ချစ်သားတို့၊ ချစ်သမီးတို့ ငါဘုရားပြောပြမယ်၊ နားထောင်ကြကွယ်တို့။ ချစ်သား ချစ်သမီးတို့ ငါဘုရား ဟောဖော်ညွှန်ပြ ဆိုဆုံးမအပ်သော အကာာကိုဖယ်ပစ်၊ အနှစ်ကိုရှာဆိုကဲ့ တရားဒေသနာတော်မြတ်ကို နာခံမှတ်သားကြကုန်လော့။ နှလုံးသွင်းကြကုန်လော့။ နှလုံးသွင်းကောင်းရမယ်တဲ့နော်။ နားလည်းထောင်ရမယ်။ ဘာကြောင့် နားထောင် နှလုံးသွင်းရမှာလဲလို့မေးရင် ဒီတရားကို ကျင့်မလို့။ ပရိသတ်တွေနားထောင်တတ်ဖို့ လိုတယ်နော်။ ယာဂီတွေနားပါတတ်ပလား။ နားပါတယ်ဆိုတာဘာနားကိုပြောတာတဲ့လဲ။ လက်ရှိနားရွက်ကြီးကို ပြောတာမဟုတ်ဘူး။ ဉာဏ်နားကိုပြောတာ။ ဘာနားတဲ့လဲ။

*"ဉာဏ်နားပါဘုရား"*

တရားနာတဲ့ခါ ဘာနားနဲ့တရားနာရမှာလဲ။

http://www.dhammadownload.com



*"ဉာဏ်နားနဲ့ပါဘုရား"*

အဲသလို ဉာဏ်နားနဲ့ နာတတ်မှသာ လျှင် ကျင့်တတ်တယ်။ မနာတတ်ရင် မကျင့်တတ်ဘူး ဟုတ်လား။ ဖွဲထဲမှာရေသွန် သလို၊ သဲပုံထဲမှာစာရေးသလို အဝကုန္ဘာ သုတ္တန်ထဲ လှမ်းကြည့်။ ဘုရားကပြောတယ်။ ချစ်သားချစ်သမီးတို့၊ သင်တို့သည် တရား နာလို့ရှိရင် သဲထဲမှာရေးတဲ့စာလို မဖြစ်ကြ စေနဲ့။ ဖွဲထဲမှာရေးတဲ့စာလို မဖြစ်ကြစေနဲ့ တဲ့။ ဘာဖြစ်လို့လဲဆိုရင် သဲထဲ၊ ဖွဲထဲမှာ ရေးတဲ့စာတွေက ခဏလေးဆိုရင် ပျောက် သွားတယ်။ ရေးတဲ့ခဏပဲ ထင်ရှားတယ် နော်။ တော်ကြာ လေတိုက်လည်း ပျောက် သွားတာပဲ။ ဒီတော့ ကျောက်ဖျာပေါ်မှာရေး တဲ့စာလို နာကြစမ်းပါတဲ့။ ကျောက်ဖျာပေါ် မှာရေးတဲ့စာကျတော့ ပျောက်သလား။

*"မပျောက်ပါဘုရား"*

မပျောက်ပါဘူးနော်။ နှစ်ပေါင်းများစွာ ကြာလည်း မပျောက်ဘူး။ ဒီတော့ ဘုရား က ဘာပြောသလဲဆိုရင် ဘာစာလိုမဖြစ်စေ

http://www.dhammadownload.com



ရတဲ့လဲ။

*"သဲထဲဖွဲထဲရေးတဲ့စာလိုပါဘုရား"*

ဟုတ်တယ်။ သဲပုံထဲမှာရေးတဲ့စာလို မဖြစ်ကြလေနဲ့။ ကျောက်ဖျာပေါ်ထက်မှာ ရေးတဲ့စာများကဲ့သို့ တရားနာတဲ့အခါသမယ ဝယ် အဝိဇ္ဇာဦးစီးပြီးတော့ မနာကြလေနဲ့။ ဝိဇ္ဇာဦးစီးပြီးသကာလ နှလုံးသားတည်း ဟူသော ကျောက်ဖျာထက်မှာရေးတဲ့စာလို နာကြစမ်းပါ။ နှလုံးသားတည်းဟူသော ကျောက်ဖျာထက်မှာ ဒီတရားတွေကို ရေး ထားရမယ်၊ မှတ်ထားရမယ်နော်။ တရားက ခန္ဓာကိုယ်ထဲမှာစွဲဖို့လိုတယ် ပရိသတ်များ။ နှလုံးသားထဲမှာ ဒီတရားလေးတွေဟာ ဩော်...ငါ့ခန္ဓာထဲမှာ ရှိနေတာပါလား၊ ငါ့ ပြောနေပါလား၊ ငါ့ဟောနေပါလားလို့ နှလုံး သွင်းပြီး ငါ ဒီအပြစ်တွေကိုဖယ်မှဖြစ်မယ်၊ အညစ်အကြေးမှန်သမျှတွေကို ငါဆေးကြော မှဖြစ်မယ်လို့ အဲသလို အမြဲမပြတ်ကို သုံး သပ်နေရမယ်။ နှလုံးသွင်းနေရမယ်။ ဟုတ် ကဲ့လား။ ဒါမှ မိမိသန္တာန်မှာရှိတာကို ရှိ

http://www.dhammadownload.com



တယ်လို့သိမယ်။ သိရင် ဆေးကြောမှာပဲ။ မိမိသန္တာန်မှာ အညစ်အကြေးတော့ရှိပါရဲ့။ ဒါပေမယ့်လို့လည်း ရှိတာကို ရှိမှန်းမသိလို့ ရှိရင် ဆေကြောပါ့မလား။

*"မဆေးကြောပါဘုရား"*

မဆေးတတ်ဘူး။ ပရိသတ်များနော်။

*"တင်ပါ့ဘုရား"*

အဲသလို ဆေးတတ်ဖို့အတွက် ကိုယ့်ကိုယ်ကို ရှိတာကို ရှိတဲ့အတိုင်း သိရမယ်။ ကိုယ့်သန္တာန်မှာ ရှိနေပါလျက်ကယ်နဲ့ မရှိဘူးလို့ ထင်ရင် မဆေးတတ်ဘူး။ မဆေးတော့ မစင်ကြယ်ဘူးပေါ့။ ဟုတ်လား။ ကိလေသာ အညစ်အကြေးတွေ ညစ်ပေပြီးသကာလ သံသရာတစ်လျှောက်လုံး၊ တစ်လျှောက်လုံး ဝယ် မြုပ်လမ်းကို ရောက်ဦးမယ်ပေါ့။ ဟုတ်လား။ နားလည်တယ်နော်။ ဒါကြောင့် ပထမ ရှိတာကို ရှိတယ်လို့သိ။ ရှိတာကို ရှိမှန်းသိတဲ့ပုဂ္ဂိုလ်ဟာ ပညာရှိပုဂ္ဂိုလ်။ တစ်နည်း လူလိမ္မာပုဂ္ဂိုလ်နော်။ အေး... ဒါကြောင့်မို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက

http://www.dhammadownload.com



အနှစ်တရားနဲ့ အကာတရားကို ခွဲခြားပြတယ်နော်။ ဘယ်လိုတဲ့လဲ။ သစ်ပင်ကြီးတစ်ပင်မှာ အပွေးရယ်၊ အခွံရယ်၊ အကာရယ်၊ အနှစ်ရယ်လို့ ရှိသလိုပဲ လောကမှာလည်း (ဝါ) ငါဘုရားသာသနာကို အားကိုးနေကြကုန်သောပုဂ္ဂိုလ် တို့သန္တာန်မှာလည်းပဲ ဒီလေးမျိုးရှိတယ်တဲ့။ ဘယ်နှစ်မျိုးရှိတယ်။

*"လေးမျိုးပါဘုရား"*

အဲဒီလေးမျိုးက ဘာလဲလို့မေးရင် ပရိသတ်အပေါင်း သူတော်ကောင်းများ ဘာတဲ့လဲ။ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတဲ့။ နံပါတ်တစ်က ဘာတဲ့လဲ။ ဒါနတဲ့နော်။ ဒါနဆိုတာက ဘာနဲ့တူသလဲလို့မေးရင် ဒါနဆိုတာ အပွေးနဲ့တူတယ်တဲ့။ ဘာနဲ့တူတယ်။

*"အပွေးနဲ့ပါဘုရား"*

သီလတရားက ဘာနဲ့တူသလဲလို့ မေးလို့ရှိရင် အခွံနဲ့တူတယ်။ ဘာတဲ့လဲ။

*"အခွံနဲ့တူပါတယ်ဘုရား"*

သမထဘာဝနာက ဘာနဲ့တူသလဲလို့

http://www.dhammadownload.com



မေးရင် အကာနဲ့တူတယ်တဲ့။ ဘာနဲ့တူတာ တဲ့လဲ။

*"အကာနဲ့ပါဘုရား"*

ဝိပဿနာဘာဝနာတရားကျတော့ အနှစ်နဲ့တူတယ်တဲ့နော်။ ဘာတဲ့လဲ။

*"အနှစ်နဲ့တူပါတယ်ဘုရား"*

ဒီတော့ ဘယ်နှစ်မျိုးဖြစ်သလဲ။ ပြန်ဆိုလိုက်ပါဦး။ နံပါတ်တစ်က ဘာတဲ့လဲ။

*"ဒါနပါဘုရား"*

နံပါနှစ်က...

*"သီလပါဘုရား"*

နံပါတ်သုံးက...

*"သမထပါဘုရား"*

နံပါတ်လေးက...

*"ဝိပဿနာပါဘုရား"*

အဲဒီလေးမျိုးထဲမှာ ဒါနက ဘာနဲ့တူသလဲ။

*"အပွေးနဲ့ပါဘုရား"*

သီလတရားက ဘာနဲ့တူ...

*"အခွံနဲ့ပါဘုရား"*

http://www.dhammadownload.com



နံပါတ်သုံးဖြစ်တဲ့ သမထတရားက ကော...

*"အကာနဲ့တူပါတယ်ဘုရား"*

နံပါတ်လေးဖြစ်တဲ့ ဝိပဿနာတရား ကကော...

*"အနှစ်နဲ့တူပါတယ်ဘုရား"*

အနှစ်နဲ့တူတယ်။ ဒီတော့ အနှစ်ကိုလိုချင်တဲ့ပုဂ္ဂိုလ်တွေကို အနှစ်ကို အနှစ်မှန်းသိအောင်၊ ရှာဖွေတတ်အောင် မြတ်စွာဘုရားက ဥပမာပေးပြီးတော့ တစ်ချိန်တုန်းက တက္ကသိုလ်ဆရာကြီးတစ်ယောက်က သူ့တပည့်တွေကို ခွဲခြားသိအောင် ဒီလိုစေခိုင်းပါသတဲ့။

တစ်နေ့မှာ တပည့်တို့... သင်တို့ခရီးထွက်ကြစမ်း၊ လောကကြီးထဲမှာရှိနေတဲ့ သစ်ပင်ကြီးတစ်ပင်ရဲ့ အကောင်းဆုံးပစ္စည်းကို ရှာဖွေပြီး ငါ့ကိုဆက်သကြစမ်းလို့ မှာလိုက်ပြီး ခရီးထွက်စေသတဲ့။ ဒီတော့... တပည့်တွေအသီးသီး ထွက်သွားလိုက်ကြတာ တချို့သော တပည့်တစ်ယောက်က

http://www.dhammadownload.com



ဘာကိုယူလာသလဲဆိုရင် အပွေးတွေကိုခွာပြီးတော့ တစ်ထုပ်ကြီးယူလာတာ။ နောက်တစ်ဦးသောပုဂ္ဂိုလ်က အခွံတွေခွာပြီး ယူလာခဲ့တယ်။ တတိယပုဂ္ဂိုလ်က အကာတွေကိုယူလာသတဲ့။ တစ်ယောက်သောပုဂ္ဂိုလ်ကျတော့ အကုန်လုံး အပွေးလည်းမဟုတ် အကာလည်းမဟုတ်၊ အခွံလည်းမဟုတ်ပါဘဲ အနှစ်ကိုမတွေ့တွေ့အောင်ယူပြီး ထမ်းချလာတာ ဆရာကြီးဆီ အသီးသီးရောက်တဲ့အခါကျတော့ ဆရာကြီးက ဘာပစ္စည်းသည် တန်ဖိုးအရှိဆုံးလို့ ပြောသလဲ။

*"အနှစ်ကိုပါဘုရား"*

အနှစ်ကိုတဲ့နော်။ နံပါတ်လေးဖြစ်တဲ့ အနှစ်ကို အကောင်းဆုံးလို့ပြောတယ်။ ဘာကြောင့်လဲဆိုရင် အနှစ်တရားသည် အသုံးအစွဲခံတယ်၊ တာရှည်ခံတယ်၊ ခိုင်ခံ့တယ်၊ အလွယ်တကူနဲ့ မပျက်စီးဘူး။ ဒါကြောင့် ချစ်သားတို့ လောကမှာ ငါဘုရားရဲ့သာသနာတော်မြတ်မှာ သူတော်ကောင်းတရားကို လိုလားတဲ့ပုဂ္ဂိုလ်တွေဟာ ဒါနတည်းဟူသော

http://www.dhammadownload.com



အပွေးဖြင့်သာလျှင် ရောင့်ရဲတင်းတိမ်ပြီးနေကြလေရဲ့။ ဒါနဖြင့်သာ ပျော်မွေ့ပြီး ငါမှာ ဘယ်လောက်လှူလိုက်ပြီးပြီ၊ ဘယ်လိုနေရာမှာ ဘာလှူလိုက်ဦးမယ်...စသည်ဖြင့် ဟုတ်လား။ အဲဒီကုသိုလ်ကောင်းမှုလေး အပွေးနဲ့တူတဲ့ အပေါယံ ကုသိုလ်ကောင်းမှုလေး တစ်ခုဖြင့်ပင်လျှင် တင်းတိမ်ရောင့်ရဲကြတယ် ကွယ်တို့။ တချို့တချို့သော ပုဂ္ဂိုလ်တွေကျတော့ ငါးပါးသီလကို စောင့်ထိန်းကြတယ်။ ဟုတ်လား။ ငါးပါးသီလကို လုံခြုံအောင်၊ မကျိုးမပေါက် မပြောက်မကျားရလေအောင် စောင့်ထိန်းပြီး ဒီသီလတရားလေးနဲ့ပဲ ဂုဏ်ယူပြီး မွေ့လျော်နေထိုင်တတ်ကြတယ်။ ကျေနပ်နေတတ်ကြတယ်တဲ့။ တချို့တချို့သောပုဂ္ဂိုလ်များကျတော့ ဈာန်တရားတွေရဖို့အတွက် အသက်ဆုံးရှုံးတဲ့ထိ အမြဲမပြတ် ကြိုးစားအားထုတ်နေကြတယ်။ ဈာန်တရားဖြင့်သာလျှင် မွေ့လျော်တတ်ကြတယ်။

တချို့တချို့သော ပုဂ္ဂိုလ်များကျတော့

http://www.dhammadownload.com



ငါဘုရား ဟောဖော်ညွှန်ပြ ဆိုဆုံးမအပ်သော ရုပ်နာမ်ခန္ဓာသင်္ခါရတရားတို့ရဲ့ အနိစ္စ သဘောတွေ၊ ဒုက္ခသဘောတွေ၊ အနတ္တ သဘောတွေကို ကျင့်ကြံပွားများအားထုတ် ပြီးတော့နေကြတယ်တဲ့နော်။ ပုဂ္ဂိုလ်ဘယ် နှစ်မျိုးတဲ့လဲ။

*"လေးမျိုးပါဘုရား"*

ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော် ကောင်းများ လောကမှာ ပုဂ္ဂိုလ်လေးမျိုး မရှိဘူးလား။

*"ရှိပါတယ်ဘုရား"*

တချို့ပုဂ္ဂိုလ်တွေကျတော့ ဘယ်အာရုံနဲ့ နေကြသလဲ။

*"ဒါနအာရုံနဲ့ပါဘုရား"*

ဟုတ်တယ်။ ငါ ဒါနတွေအများကြီး လုပ်တာပဲ။ ကုသိုလ်ကောင်းမှုတွေ အများ ကြီးလုပ်ပြီးပြီ။ ငါ့မှာ တခြားဘာမှမလို တော့ဘူး။ ဒါနကုသိုလ်ကြောင့် သံသရာမှာ ချမ်းသာရင်ပြီးရော။ လူချမ်းသာ၊ နတ် ချမ်းသာတွေဖြစ်မှာပဲဆိုပြီး မျှော်လင့်ချက်

http://www.dhammadownload.com



တွေဖြင့် ဒီဒါနတစ်ခုတည်းကို ပြုလုပ်ကြတယ်နော်။

*"တင်ပ့ါဘုရား"*

ဒါနတစ်ခုတည်းပဲလုပ်ပြီး သီလတွေစောင့်ထိန်းနိုင်သလားဆိုတော့ သူ့မှာ သီလတရားတွေ ပြည့်စုံသလား။

*"မပြည့်စုံပါဘုရား"*

ဒါနတော့လုပ်ပါရဲ့တဲ့။ ဒါပေမဲ့ သူ့မှာ သီလတရားက ကျိုးပဲ့ပျက်စီးနေတတ်ပြန်တယ်။ ဟုတ်လား။ ဘာကြောင့်လဲဆိုတော့ ကာယကံက မလုံခြုံဘူး။ မစောင့်ထိန်းဘူး။ လှူဒါန်းတဲ့အခါမှာလည်း 'သဒ္ဓါကြည်ညို၊ ရှိသေလှစွာ၊ အခါကိုသိ၊ မကပ်ငြိဘဲ၊ မထိမပါး ပေးလှူကြား'ဆိုတဲ့ သူတော်ကောင်းတွေ လှူဒါန်းတဲ့အလှူဖြစ်ဖို့လိုပါတယ်။

လှူတော့လှူနေတာပဲနော်။ ဒါပေမဲ့ လာဘဒါန၊ ဘယဒါန၊ ဗာဟိယဒါန... စသည်ဖြင့် လှူခြင်းမှာ အမျိုးမျိုးရှိနေပြန်တယ်။ လူတွေအထင်ကြီးအောင်လှူတာ၊

http://www.dhammadownload.com



ငါဒီလောက်လှူနိုင်တာကို လူတွေမြင်ပါစေ သိပါစေဆိုပြီး လှူတာ၊ တချို့က ငါဒီလောက် လှူရင် ဒီထက်အများကြီးပြန်ရမှာပဲဆိုပြီး လာဘ်လာဘကိုမျှော်ကိုးပြီး လှူတာ လာဘ ဒါနပဲတော့ဟုတ်လား။ ဘယဒါနဆိုတာက ပရိ သတ်အပေါင်း သူတော်ကောင်းများ ကြောက် ရွံ့လို့လှူရတာ...စသည်ဖြင့် ဒါတွေမရှိနိုင် ဘူးလား။ ရှိတယ်နော။

ဒီလိုသာလျှင် မိမိတို့က စေတနာသုံး တန် မပြဋ္ဌာန်းပါဘဲနဲ့ လှူဒါန်းနေမယ်ဆိုလို့ရှိ ရင်လည်းပဲ ရရှိအပ်သော အခွင့်အရေး အကျိုးသည် အားနည်းသောအခွင့်အရေး သာလျှင် ဖြစ်နေပြန်ရော။ ဘာကြောင့်လဲလို့ ဆိုလို့ရှိရင် သူ့သန္တာန်ထဲမှာ သီလကလည်း မရှိ၊ ခန္ဓာဉာဏ်ကတော့ လုံးဝနတ္ထိဖြစ်နေလို့ နော်။ ဒီတော့ လောကမှာ ကုသိုလ်ကောင်း မှုတရားလုပ်တဲ့နေရာမှာ ဒကာ,ဒကာမတို့ စုံမှဖြစ်တယ်နော။ မစုံညီဘူးဆိုလို့ရှိရင် ကိုယ့်ရဲ့ဘဝဟာ အချည်းနှီးသောဘဝနဲ့တူ တယ်။ နှားလည်တယ်နော်။ လဆုတ်ရက်နဲ့

http://www.dhammadownload.com



လည်းတူတယ်။ တစ်ဖက်က လင်းပေမယ့် တစ်ဖက်မှာ မှောင်နေတတ်တယ်။ ဒါကြောင့် ဒါနလေးတစ်ခုတည်းနဲ့ လောကကြီးနေရတာ တင့်တယ်သလား။

*"မတင့်တယ်ပါဘုရား"*

မတင့်တယ်ဘူးတဲ့။ ဒါ ဘုရားက ဘာတဲ့လဲ။ အပွေးပဲရှိသေးတယ်တဲ့ ဟုတ်လား။ အေး...သီလတရားပြည့်စုံပြီဆိုပြီးတော့လဲ ကိုယ့်ကိုယ်ကို မာန်မာနကြီးနေမယ်ဆိုလို့ရှိရင်လည်း အဲဒါ အခွံပဲကျန်သေးတယ်လို့ ပြောတယ်နော်။ ဟုတ်လား။ ဒီတော့... ငါသည် မိုးလင်းလာကတည်းကိုက ဘုရားဂုဏ်တော်တွေ၊ တရားဂုဏ်တော်တွေ၊ သံဃာ့ဂုဏ်တော်တွေ တစ်ခုခုပွားများပြီးတော့နေတယ်။ ပုတီးစိတ်ပြီးနေတယ်။ ဒါဟာ တရားအလုပ်ပဲ။ ဒီအလုပ်သည် အကောင်းဆုံးအလုပ်ပဲရယ်လို့ မိမိ တစ်သက်လုံး ဒီသမထအလုပ်နဲ့ လမ်းဆုံးနေမယ်ဆိုလို့ရှိရင်လည်း ဘာအာရုံနဲ့နေတာတဲ့လဲ။ သမထဆိုတဲ့ အကာအာရုံတဲ့။ ဟုတ်

http://www.dhammadownload.com



လား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒါနတစ်ခုတည်းနဲ့ပဲနေလို့ပြောသလား။ မနေနဲ့လို့ပြောသလား။

*"မနေနဲ့လို့ပြောပါတယ်ဘုရား"*

ဘာကြောင့်မနေနဲ့ပြောတာလဲဆိုရင် မပြည့်စုံသေးလို့နော်။ ဒီလိုမပြည့်စုံသေးလို့ဆိုတာ ဘာကို တစ်ဆင့်တက်ရမလဲ ပရိသတ်များ။ ဝိပဿနာဘာဝနာတရား ဟုတ်လားနော်။ ဒီအနှစ်တရားနဲ့ပတ်သက်လို့ ဘုန်းကြီးတို့ ပရိသတ်များ အဲဒီ ဒါန၊ သီလ၊ သမထတရားက အပွေး၊ အကာ၊ အခွံနဲ့တူလို့ ဟုတ်ကဲ့လား။ ဒါလောက်နဲ့ ရပ်တည်လို့ရှိရင် ကိုယ့်ဘဝကြီးသည် ပြည့်စုံပလား။

*"မပြည့်စုံပါဘုရား"*

မပြည့်စုံဘူးနော်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒါနတွေမလုပ်ရဘူးလားမေးတော့ လုပ်ရမယ်လို့ပြောတယ်နော်။ သီလတရားမစောင့်ထိန်းရဘူးလား ဆိုရင်လည်း စောင့်ထိန်းရမယ်လို့ ပြောတယ်နော်။

http://www.dhammadownload.com



သမထဘာဝနာတွေမလုပ်ရဘူးလား ဆို တော့လည်း လုပ်ရမယ်တဲ့နော်။

သမထတရားဆိုတာ ဒကာ,ဒကာမ တွေ အာနာပါန ဝင်လေထွက်လေ မှတ် နေတာ။ အဲဒါ သမထတရား ဟုတ်ကဲ့ လား။ ဘုရားဂုဏ်တော်တွေ၊ တရားဂုဏ် တော်တွေကို အမြဲမပြတ် ပွားများနေကြတာ လည်း သမထတရား၊ ပရိတ် ပဋ္ဌာန်းတွေ ရွတ်ဖတ်ပူဇော်နေတာတွေဟာလည်း သမထ ဘာဝနာတရား။ ဒီသမထတရားတွေရှိနေ တာကလည်း မကောင်းဘူးလား။

*"ကောင်းပါတယ်ဘုရား"*

ကောင်းတယ်နော်။ ဒါပေမဲ့ ဒီလောက် နဲ့တော့ ရပ်တန့်မနေကြလေနဲ့။ ဝိပဿနာ တရားကို တစ်ဆင့်တက်ကြစမ်းပါလို့ ဘု ရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်ကျောင်း မှာ သီတင်းသုံးပြီး ဟောတာတဲ့လဲ။

*"ပုဗ္ဗာရုံကျောင်းမှာပါဘုရား"*

ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံးတော်မူပြီး ဟောတော်မူတဲ့အခါကျတော့ အနာထပိန်

http://www.dhammadownload.com



သူဌေးနဲ့တကွ သူ့ရဲ့မှူးမတ်အခြွအရံ ပရိသတ်များဟာ အဲဒီနေ့မှာ ဘာလုပ်သလဲဆိုရင် အဲဒီနေ့ဟာ ဥပုသ်နေ့မို့လို့ သူဌေးအိမ်တွေမှာ ဆိုင်ပိတ်ပြီး အလုပ်မလုပ်ရဘူးတဲ့။ ဥပုသ်စောင့်ကြတာတဲ့နော်။ အဲဒီလိုမျိုးပဲ လပြည့်လကွယ်နေ့တွေမှာ သူဌေးအိမ်တွေမှာ ဆိုင်ပိတ်ပြီး ဥပုသ်စောင့်ကြတော့တစ်နေ့သော ဥပုသ်နေ့မှာ သူဌေးကြီးနဲ့တကွ ရံရွေတော်တွေဟာ အလုပ်နားရက်မို့လို့ အကုန်လုံးပဲ ဘာစောင့်ထိန်းကြသလဲဆိုတော့ သီလစောင့်ထိန်းကြတယ်တဲ့နော်။ ပရိသတ်များ...အကုန်လုံး ငြိမ်ငြိမ်သက်သက်နဲ့ သီလလေးစောင့်ထိန်းပြီး နေထိုင်ကြတာတဲ့နော်။ ကျွန်တွေရော အကုန်လုံးပေါ့။ အဲဒီနေ့မှာ ကျွန်တစ်ယောက်ကဥပုသ်နေ့မှန်း မသိလိုက်ဘဲ သတိမထားမိလိုက်တဲ့အခါကျတော့ သူ့မှာ တာဝန်ရှိတဲ့အတိုင်း အိမ်ကထွက်လာကတည်းက အလုပ်လုပ်ဖို့ဆိုတော့ သူဌေးအိမ်မှာ ပေါက်တူးတွေပေါက်၊ အလုပ်တွေလုပ်ပြီးမှ ၁၂ နာရီ

http://www.dhammadownload.com



နီးပါးလောက်မှ ဟာ... လူတွေတိတ်ဆိတ်ငြိမ်သက်လှချည်လား၊ ဘာဖြစ်လို့ပါလိမ့်ဆိုပြီးမှ သတိထားမိပြီးတော့ ကြည့်လိုက်တော့မှ ခပ်လှမ်းလှမ်းမှာရှိနေတဲ့လူကို လှမ်းပြီး မေးလိုက်တဲ့ခါကျတော့ ဥပုသ်နေ့ဖြစ်နေမှန်းသိတာ။ ဒီတော့ 'ဒီနေ့ဥပုသ်နေ့ဆိုပါလား၊ မဖြစ်ဘူး။ ငါလည်း သီလစောင့်ထိန်းချင်တယ်။ ငါသည် သီလတရားကိုအမြဲတမ်းစောင့်ထိန်းခဲ့တာ၊ မဖြစ်ဘူး။ ပျက်လို့မဖြစ်ဘူး။ ငါလည်း သီလစောင့်ထိန်းမယ်'ဆိုပြီး သူဌေးကြီးထံပြေးသွားတယ်နော်။ သူဌေးကြီးထံရောက်တော့ "သူဌေးကြီး သူဌေးကြီး...ကျွန်ုပ် သီလစောင့်ထိန်းချင်ပါတယ်၊ သီလစောင့်ထိန်းချင်လို့ သီလပေးတော်မူပါ"ဆိုတော့ အနာထပိန်သူဌေးကြီးဟာ သောတာပန်ပုဂ္ဂိုလ်နော်။ ငါးပါးသီလပြည့်စုံပြီးသားပုဂ္ဂိုလ်မို့လို့ လူပုဂ္ဂိုလ်ဖြစ်ပေမယ့် သီလပေးလည်း ရတာပဲ။ ဟုတ်လား။ ဒါကြောင့် သူဌေးကြီးက သီလလည်းပေးပြီးရော နာရီကြည့်လိုက်တော့ ၁၂ နာရီ

http://www.dhammadownload.com



ကျော်သွားပြီ။ ဒီတော့ သူ့သန္တာန်မှာ အစာ အာဟာရပြည့်စုံခဲ့သလား ပရိသတ်များ။

*"မပြည့်စုံပါဘုရား"*

အလုပ်လုပ်လာလို့ ပင်ပန်းလိုက်တာ ဟုတ်လား။ ပင်ပန်းတဲ့ဒဏ်ရာကလည်းရှိနေပြန်၊ အစာအာဟာရကလည်း ဆွမ်းသုံးချိန် မမီလိုက်တော့ တော်တော်နွမ်းနယ်သွားတယ်။ နွမ်းနယ်တဲ့အခါကျတော့ ပရိသတ် အပေါင်း သူတော်ကောင်းများ ဘာလုပ်သလဲဆိုတော့ ရေပဲသောက်နေလိုက်တာတဲ့။ ဘာလုပ်သတဲ့လဲ။

*"ရေပဲသောက်ပါတယ်ဘုရား"*

အနာထပိန်သူဌေးကြီးကလည်း မင်းဒါဆိုရင် ဟောဒီစတုမဓုကို စားသုံး၊ ဒါမှမဟုတ်ရင် နေမကောင်းဖြစ်လိမ့်မယ်ဆိုတော့ အဲဒီကျွန်က ဘာပြောသလဲဆိုရင် အရှင်သူဌေးမင်းကြီးလည်း ဒီစတုမဓုကို မှီဝဲစားသုံးပါသလားလို့ မေးတယ်နော်။ ဒီတော့ သူဌေးကြီးက ဒို့ကတော့ ကျန်းမာနေကောင်းလို့ မစားသုံးပါဘူးလို့ပဲ ပြော

http://www.dhammadownload.com



လိုက်ရော။ သူဌေးကြီးတောင်မှ မစားသုံးရင် အကျွန်ုပ်လည်း မစားသုံးပါ၊ အသက်ကိုသာ အသေခံပြီး သီလစောင့်ထိန်းပါ့မယ် လို့ ပြောသတဲ့နော်။ အသက်ကို ဘာနဲ့ စောင့်ထိန်းမယ်တဲ့ ဒကာ,ဒကာမတို့။

*"သီလနဲ့ပါဘုရား"*

သီလနဲ့နော်။ အသက်နဲ့လဲပြီး သီလစောင့်ထိန်းမယ်တဲ့ ဟုတ်ကဲ့လား။ ဒီတော့ ပရိသတ်တွေ ညနေတော်တော်လေးစောင်းလာတော့ အစာရေစာကလည်း တော်တော်လေးကို ဆာလောင်မွတ်သိပ်မှုရှိလာတာကိုး။ ပူလောင်ပြီးတော့ နေမကောင်းဝင်လာသတဲ့။ လေရောဂါကလည်း ဖြစ်လာတယ်တဲ့။ ပရိသတ်များ။ အဲဒီလေရောဂါကနေပြီးတော့ သူ့ကို တစ်ခါတည်းသတ်ဖြတ်သွားရော။ နေမကောင်းတော့ ဟိုဆေးဒီဆေးတွေလည်းသောက်တာပဲ။ ဒါပေမဲ့ သူ့သန္တာန်ထဲမှာ အကြောင်းတရားကလည်း တိုက်ဆိုင်လာပြီထင်ပါရဲ့နော်။ လိုရင်းလေးပြောကြပါစို့။ မကြာခင်မှာပဲ စုတိစိတ်ကျ

http://www.dhammadownload.com



သွားတာ။ ဪ...ဥပုသ်ဘယ်လောက် စောင့်ခဲ့တာတဲ့လဲ။ နေ့တစ်ဝက်နော် ပရိသတ်များ။ ဟုတ်လား။

အနာထပိန်သူဌေးရဲ့ကျွန် ဥပုသ်နေ့တစ်ဝက် ဥပုသ်စောင့်ခဲ့တဲ့ ကုသိုလ်ကောင်းမှုက သူ့ကို ဘယ်ပို့လိုက်သလဲဆိုလို့ရှိရင် သုံးယူဇနာရှိတဲ့ ပင်ညောင်ပင်ကြီးမှာ ရုက္ခစိုးနတ်ကြီး ဖြစ်ရပါတယ်။ ဟုတ်လား။ ဟိမဝန္တာတောနဲ့ ခပ်လှမ်းလှမ်း အလယ်တည့်တည့်မှာ ပင်ညောင်ပင်ကြီးကို အစိုးရတဲ့ ရုက္ခစိုးနတ်ကြီး။ အဲဒီရုက္ခစိုးနတ်ကြီးဟာ ဘယ်လိုအစိုးရသလဲ၊ ဘယ်လိုတန်ခိုးကြီးသလဲဆိုလို့ရှိရင် ဘုန်းကြီးတို့ပရိသတ်တွေ လက်ညှိုးထိုးလိုက်လို့ လက်ညှိုးက ရေလိုရင် ရေထွက်လာတယ်။ ထမင်းလိုရင် ထမင်းရလာတယ်။ အကုန်လုံးရတယ်တဲ့။ ဒီတော့ အဲဒါ ဘာက တန်ခိုးအာနိသင်ကြီးတဲ့ နတ်မင်းကြီးဖြစ်ရသလဲလို့မေးရင် သီလတန်ခိုးကြောင့်နော်။ သီလတန်ခိုး၊ နေ့တစ်ဝက်လောက်စောင့်ထိန်းခဲ့တဲ့ ဥပုသ်သီလ နား

http://www.dhammadownload.com



လည်တယ်နော်။ အဲဒီလိုနဲ့ နေလာလိုက်တာ တော်တော်လေးကြာလာတဲ့တစ်နေ့မှာ ဟိမဝန္တာတောင်မှာလည်းပဲ ရသေ့(၅၀၀) နေထိုင်ကြသတဲ့။ ရသေ့ဘယ်လောက်တဲ့လဲ။

*"ငါးရာပါဘုရား"*

ရသေ့ငါးရာတို့က ရာဇဂြိုဟ် အစရှိတဲ့ မြို့တွေကိုလည်ပြီးသကာလ ဆွမ်းခံကြွရတယ်တဲ့။ တစ်ခါတစ်ရံ ဈာန်နဲ့ကြွတဲ့အခါ ကြွ၊ ခြေကျင်ကြွတဲ့အခါလည်း ကြွကြတယ်တဲ့။ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းများ ဒီတော့ ပါဝါပြည်ကသူဌေး၊ ဂေါသကသူဌေးဟာလည်းပဲ အဲဒီအရှင်ငါးရာကိုမြင်တော့ သိပ်ကြည်ညိုတာတဲ့ ဟုတ်လား။ ဒီတော့ အရှင်မြတ်များဘုရား... တပည့်တော်တို့မြို့မှာနေပြီး သီတင်းသုံးတော်မူပါဆိုပြီး ပင့်ထားတယ်နော်။ ဒီလိုပင့်တော့ အရှင်မြတ်များက ဒါဆိုရင်လည်း ဒကာတို့ ဝါတွင်းကာလအခါသမယမှာ ကျုပ်တို့ရသေ့များသည် ဝါဆိုပြီးနေပါ့မယ်။

http://www.dhammadownload.com



သီတင်းဝါလကျွတ်တဲ့ခါကျတော့ တောထဲမှာ ၆ လ၊ ဒီမှာ ၆ လ နေပါ့မယ်ဆိုပြီး အာမခံချက်ပေးတဲ့အတွက်တာကြောင့် ပါဝါမြို့ကလည်းပဲ အဲဒီရသေ့(၅၀၀)တို့အတွက် တစ်ပါးကျောင်းတွေ ဆောက်လုပ်လှူဒါန်းကြတယ်တဲ့။ အဲဒီလိုလှူထားတဲ့အခါကျတော့ ရသေ့တွေဟာ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ နေကြရတယ်တဲ့နော်။ ဒါနကုသိုလ်ကောင်းမှုတွေ ပြုလုပ်နေကြတယ်၊ သီလကုသိုလ်ကောင်းမှုတွေ ပြုလုပ်နေကြတယ်၊ သမထကုသိုလ်ကောင်းမှုတွေပြုလုပ်နေကြတယ်။ ပါဝါပြည်က သူဌေးတွေကလည်း ဒါန၊ သီလ၊ သမထတရားတွေနဲ့ အမြဲမပြတ် မွေ့လျော်နေကြတာ။ ဟုတ်လား။

*"တင်ပါ့ဘုရား"*

ဒီလိုမွေ့လျော်နေကြလို့ ၆ လပြည့်တော့ တောအရပ်မှာ သီတင်းသုံးကြတယ်။ တောအရပ်မှာသီတင်းသုံးလို့ ၆ လပြည့်တော့ ငါတို့သည် ဒကာ,ဒကာမများဆီ သွားကြရအောင်ဆိုပြီး ဈာန်နဲ့မကြွလာဘဲ ခြေကျင်

http://www.dhammadownload.com



ကြွလာကြသတဲ့။ ဘာနဲ့ကြွလာတာတဲ့လဲ။

"ခြေကျင်ပါဘုရား"

ခြေကျင်ခရီးလျှောက်လာတဲ့ခါကျတော့ အဲဒီခပ်လှမ်းလှမ်းလေးမှာ ဘာတွေ့သလဲဆိုရင် ပင်ညောင်ပင်ကြီး တင့်တင့်တယ်တယ်နဲ့ ရှုချင်စဖွယ် အရိပ်အာဝါသကလည်းကောင်းတော့ အကြီးဆုံးမထေရ်ကြီးက "ငါ့ရှင်တို့...လာကြစမ်းပါဦး၊ ဟောဒီပင်ညောင်ပင်ကြီးမှာ ခိုနားကြစို့။ ပြီးမှဒို့ဒကာတွေဆီ အားအင်လေးပြည့်ပြီး သွားလို့ရမှာဆိုပြီး ရသေ့ငါးရာလုံးဟာ နားခိုကြတယ်။ အဲဒီလိုနားခိုကြတော့ အကြီးဆုံးမထေရ်ကြီးက ဘာပြောသလဲဆိုရင် "ဩော်... ငါ့ရှင်တို့၊ ဒီညောင်ပင်ကြီးမှာ သာမန်နတ်သားတော့ နေနိုင်မှာမဟုတ်ဘူး၊ ဒီညောင်ပင်ကြီးဟာ တင့်တယ်လှပလွန်းတော့ သာမန်ပုဂ္ဂိုလ်တွေ မနေနိုင်ဘူး၊ အလွန်တရာ တန်ခိုးကြီးတဲ့ ရက္ခစိုးနတ်မင်းကြီးတွေပဲ နေနိုင်ပါလိမ့်မယ်။ တကယ်လို့ တန်ခိုးကြီးနတ်မင်းများ ဒီနေရာမှာရှိခဲ့ကြောအံ့၊

http://www.dhammadownload.com



ငါတို့သည် ရေလိုပါ၏။ ငါတို့ရသေ့များ သည် ရေလိုလို့ ရေပေးပါ”ဆိုတော့ အနာ ထပိန်သူဌေးရဲ့ကျွန် ရက္ခစိုးနတ်မင်းက ကြားတယ်တဲ့နော်။ ဪ...ဒီရသေ့တွေ ရေလိုနေတာတဲ့၊ ငါလုပ်ပေးမှပဲဆိုပြီး ချက် ချင်း လက်ညှိုးထိုးလိုက်တော့ ရေတွေထွက် လာတာ ဟုတ်လား။ ရေလုံးကြီးတွေ ပန်း ပြီးထွက်လာတော့ ရသေ့ကြီးတွေ အားရပါး ရ ရေသောက်ကြတယ်။ ရေသောက်ပြီး တော့ ရေတွေလည်း ချိုးကြတော့မှ အကုန် လုံး ချမ်းချမ်းသာသာနဲ့နေတော့ ဒီရက္ခစိုး နတ်မင်းကြီး သိပ်ဘုန်းကြီးတာပဲ၊ သိပ်တန် ခိုးကြီးတာပဲ၊ ဒီရက္ခစိုး နတ်မင်းကြီးသည် ဒို့ဆာလောင်မွတ်သိပ်မှု ကို သိပါလိမ့်မယ်၊ တကယ်လို့ သိခဲ့ငြားအံ့။ ငါတို့ဆာလောင် နေလို့ အစာရေစာပေးရင် ကောင်းမှာပဲ ဆိုပြီး ပထမ ထမင်းတောင်းတာတဲ့ ဟုတ် လား။ တောင်းတဲ့အခါကျတော့ ထမင်းတွေ တစ်ထုပ်ပြီးတစ်ထုပ် ပစ်ချတာတဲ့။ ထမင်း ရပြီးတဲ့အခါကျတော့ ဟင်းတွေရော အကုန်

http://www.dhammadownload.com



လုံး လိုသမျှတောင်းကြတော့ တောင်းသမျှ လည်း ရတယ်တဲ့နော်။ အဲသလိုတောင်း သမျှ အကုန်လုံးရတော့ ဝမ်းသာအားရနဲ့ စားသောက်ကြ၊ အပန်းဖြေကြနဲ့ တော် တော်ကြာတော့ ရသေ့အကြီးဆုံးက "ငါ့ရှင် တို့...ဒီနေရာမှာ ငါတို့နေရတာကတော့ အလွန်တရာကောင်းလှပါတယ်၊ ရက္ခစိုး နတ်မင်းကြီးကိုလည်း ငါတို့ကိုယ် တိုင်မြင် ရရင် ကောင်းမှာပဲ"ဆိုပြီးတော့ ပြောတယ် တဲ့နော်။ အဲဒီတော့ ရက္ခစိုးနတ်မင်းကြီးက ဖန်ဆင်းပြီးပြတယ်တဲ့ ပရိသတ်နော်။ ရသေ့ များက အရောင်အဝါတောက်ပစွာဖြင့် အလွန်တရာတင့်တင့်တယ်တယ် ကြီးမြင်ရ ပြန်ရတော့ ရသေ့ကြီးတွေက ဝမ်းတွေသာ ပြီးတော့ "နတ်မင်းကြီး တင့်တယ်လှပါပေ ၏။ သင်နတ်မင်းသည် ဘယ်လို ကုသိုလ် ကောင်းမှုတွေပြုပါသလဲ။ ဘယ်လို ကုသိုလ် ကောင်းမှုတွေပြုခဲ့လို့ ဒီလောက် တန်ခိုးကြီး ရပါသလဲ"လို့မေးတော့ နတ်မင်းကြီးက ရသေ့တွေကို ခေါင်းခါပြတယ်။ ဟုတ်

http://www.dhammadownload.com



လား။

ဒကာ့,ဒကာမတွေ ပြောချင်လို့လား၊ မပြောချင်လို့လား။

*"မပြောချင်လို့ပါဘုရား"*

မပြောချင်လို့နော်။ ဘာကြောင့်မပြောချင်တာလဲမေးရင် သူ့ရဲ့ကုသိုလ်ကောင်းမှုလေးက အနည်းငယ်လေးမို့နော်။ ဒါကြောင့် သူ မပြောရဲဘူး။ ဟုတ်လား။ ဒါကြောင့် အရှင်ဘုရားများ မမေးအပ်ဘူးထင်ပါတယ် ဘုရားဆိုပြီး ပြောတယ်တဲ့။ ဒီတော့ ရသေ့တွေက ပြောသာပြောပါ အသင်နတ်မင်း၊ အကျွန်ုပ်တို့ အလွန်တရာ သိချင်လွန်းလို့ မေးတာမို့ အလွန်တရာသိချင်လှပါတယ် ဆိုတော့မှ ရက္ခစိုးနတ်မင်းက "အရှင်ဘုရား (တဲ့) လောကမှာ ဗုဒ္ဓဆိုတဲ့ ဘုရားပွင့်တော်မူပါတယ်၊ အကျွန်ုပ်၏ အရှင်သခင်ဖြစ်တဲ့ အနာထပိန်သူဌေးကြီးသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ချဉ်းကပ်တတ်ပါတယ်။ လပြည့်လကွယ် ဥပုတ်နေ့တွေမှာ အကုန်လုံး ဥပုသ်စောင့်ခွင့်ရလို့ အကျွန်ုပ်

http://www.dhammadownload.com



သည် ဥပုသ်လေး နေ့တစ်ဝက်စောင့်ခွင့်ရတဲ့ ကုသိုလ်ကောင်းမှုလေးတစ်ခုကြောင့် ဒီချမ်းသာသုခကို ရရှိခြင်းဖြစ်ပါတယ်။ အရှင်ဘုရားတို့”ဆိုပြီးတော့ ရက္ခစိုးနတ်မင်းကြီးက လျှောက်တယ်တဲ့ ဟုတ်လား။ အဲဒီလိုလျှောက်ထားတဲ့နေရာမှာ ဗုဒ္ဓဆိုတဲ့စကားလုံးကိုကြားပြီး ရသေ့တွေကလေ လောကမှာဘုရားပွင့်နေပြီလို့လည်း ကြားရော၊ လောကမှာ ဘုရားပွင့်တယ်ဆိုတာ မလွယ်ဘူး၊ အဲဒီဘုရားကို ဖူးချင်လိုက်တာဆိုတော့ ရက္ခစိုးနတ်မင်းကြီးက ဇေတဝန်ကျောင်းမှာရှိကြောင်း လျှောက်တာပေါ့။ ဒီတော့ ပရိသတ်တွေ ရသေ့ငါးရာတို့ဟာ ကြာကြာမနေကြပါဘဲနဲ့ ဘုရားရှင်ထံတော်ပါးကိုကြွလာတဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးထံတော်ပါးကိုသွားတဲ့လမ်းက နှစ်လမ်းရှိနေပြန်ပြီတဲ့။ ဟုတ်လား။ လမ်း ၂ လမ်းက ဒကာတွေမြို့ကိုသွားရာလမ်းတစ်လမ်းနဲ့ နောက်တစ်လမ်းက ဘုရားရှင်ကိုယ်တော်မြတ်ရှိရာ သီတင်းသုံးရာကျောင်း

http://www.dhammadownload.com



ကို သွားတဲ့လမ်း။ ဒီတော့ လမ်းနှစ်လမ်း ရှိတော့ "ငါ့ရှင်တို့ ဒို့ဒကာတွေကို မပြောဘဲ သွားလို့တော့ မသင့်တော်ဘူး။ ပစ္စည်းလေး ပါးထောက်ပံ့ထားတဲ့ သာသနာ့ဒါယကာ တွေကို မပြောဘဲသွားရင် ကောင်းမှာမဟုတ် ဘူး။ အသိပေးမှဖြစ်မယ်(ဆိုပြီး) ဒကာတွေ ထံသွား၊ အိမ်ရှေ့မှာ ခဏရပ်ပြီးမှ ဘုရားရှင် ထံတော်ပါး ဆက်သွားကြတာပေါ့ဆိုပြီး ကြွ လာကြတယ်နော်။ ဒီလိုလာတော့ ပထမ ပါဝါလိကသူဌေး၊ ဂေါသကသူဌေး၊ ကုက္ကု တသူဌေး အိမ်တွေအကုန်လုံးရောက်တဲ့အခါ ကျတော့ အကုန်လုံးက အရှင်ဘုရားများ ကြွတော်မူကြပါ အရှင်ဘုရားများအတွက် ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းမှာ သီတင်းသုံးတော်မူကြပါဘုရားလို့ လျှောက် ထားလေတော့၊ ဒကာတို့ ဒို့မနေကြတော့ ဘူးလို့လည်း ပြောလိုက်ရော ဒကာတွေ စိတ်ဆင်းရဲပြီး စိတ်မကောင်းဖြစ်ကြတယ် တဲ့နော်။ "အရှင်ဘုရား ဘာကြောင့် မနေ ကြတော့တာလဲဘုရား၊ တပည့်တော်တို့ဟာ

http://www.dhammadownload.com



အရှင်ဘုရားများကို ပစ္စည်းလေးပါး လှူဒါန်းချင်လို့သာ ကျောင်းတွေဆောက်လုပ် လှူဒါန်းကြတာ ဖြစ်ပါတယ်ဘုရား”ဆိုတော့ ရသေ့ကြီးက “ဒကာတို့ လောကမှာ လူနတ်ပြဟ္မာ သတ္တဝါတို့ရဲ့ အားကိုးရာတစ်ဆူဖြစ်တော်မူတဲ့ ဗုဒ္ဓပွင့်တော်မူပြီ။ ဒါကြောင့်မို့လို့ ဒကာတို့ ငါတို့သည် ဘုရားပွင့်တော်မူလို့ ဘုရားဖူးသွားတော့မယ်။ ဘာကြောင့်လဲဆိုတော့ ငါတို့သန္တာန်ထဲမှာရှိတဲ့ ကုသိုလ်ကောင်းမှုက သာမန်ကုသိုလ်ကောင်းမှုလေးပဲရှိသေးတယ်။ အခုလက်ရှိ ကြိုးစားနေတဲ့ ဒါနကောင်းမှု၊ သီလကောင်းမှု၊ သမထကောင်းမှုဆိုတာတွေက အကာသာ ရှိသေးတယ်။ ငါတို့သည် ဟောဒီအကာလောက်နဲ့ ရပ်တည်လို့ မနေတော့ပါဘဲနဲ့ အနှစ်သာရတရား တွေ့အောင်ရှာတော့မယ်။ ဒါကြောင့်မို့လို့ ဗုဒ္ဓထံတော်ပါး ဒို့သွားကြတော့မယ်”ဆိုတော့ ဒကာတွေက “အရှင်ဘုရားများ ခဏလောက်ဆိုင်းတော်မူကြပါဘုရား။ တပည့်တော်တို့ကို စောင့်ပါဦးဘုရား။ တပည့်

http://www.dhammadownload.com



တော်တို့ သူဌေးသုံးယောက်လဲ လိုက်ပါရစေ”ဆိုတော့ ခေါ်သလား ပရိသတ်။ မခေါ်ဘူးနော်။ ဘာကြောင့်မခေါ်သလဲလို့မေးရင် သူဌေးတွေမှာက အခြံအရံများတယ်။ တစ်ခေါက်တစ်ခေါက် ခရီးထွက်ဖို့ဆိုတာ လွယ်ပါ့မလား။ မလွယ်ဘူးနော။ ဒီတော့ “ဒကာတို့၊ ဒကာတို့ကို စောင့်လို့ရှိရင် ဒို့ကြာနေလိမ့်မယ်။ နောက်ကပဲ ဖြည်းဖြည်းလာကြပါ။ တို့သွားနှင့်မယ်။ တို့ရှေ့က ဘုရားဖူးနှင့်မယ်”ဆိုပြီး ရသေ့ငါးရာလုံးဟာ ဘယ်သူ့ထံတော်ပါး ထွက်လာကြတာတဲ့လဲ ။

*“ဘုရားရှင်ထံတော်ပါးပါဘုရား”*

ဟုတ်တယ်။ ဘုရားရှင်ကိုယ်တော်မြတ်ထံတော်ပါးရောက်တော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘာတရားဟောသလဲဆိုရင် ခုနက မိန့်တော်မူလိုက်တဲ့ “သာရောပမာသုတ္တန်”တဲ့။ ဘာသုတ္တန်တဲ့လဲ။

*“သာရောပမာသုတ္တန်ပါဘုရား”*

သာရောပမာသုတ္တန်ဆိုတာ လောကမှာအနှစ်နဲ့ အကာကိုခွဲခြားပြီးပြတဲ့ တရားနော်။

http://www.dhammadownload.com



လောကမှာ ဒါန, သီလ, သမထ ကုသိုလ်ကောင်းမှုတရားတွေက ဘာနဲ့တူသလဲဆိုရင် အကာဥပမာနဲ့တူတယ်။ ဝိပဿနာတရားကမှ အနှစ်ဥပမာနဲ့ တူတယ်ဆိုတဲ့အကြောင်းကို ခန္ဓာကိုယ်ကြီးရဲ့ ရုပ်, နာမ်သဘာဝတရားတွေရဲ့ ဖြစ်တာပျက်တာလေးကို ဉာဏ်နဲ့ယှဉ်ပြီး ကြည့်ဖို့ဟောပြီး ပွားများခိုင်းတဲ့အခါကျတော့ ပရိသတ်တို့ရေ ရသေ့ငါးရာတို့သည် ဘာသစ္စာကို ပိုင်းခြားတွေ့သလဲ။

*"ဒုက္ခသစ္စာကိုပါဘုရား"*

ဒုက္ခသစ္စာကို ပိုင်းခြားပြီး တွေ့ပြီနော်။ အဲဒီ ဒုက္ခသစ္စာကို ပိုင်းခြားတွေ့တော့ မရှိတာတွေ့သလား၊ အရှိတွေ့သလား။

*"အရှိကိုတွေ့ပါတယ်ဘုရား"*

ဘုရားရှင်က ဟောဒီအမြဲမပြတ် ဖောက်ပြန်ပြောင်းလဲနေတဲ့ ခန္ဓာကိုယ်, ဆင်းရဲတဲ့ခန္ဓာကိုယ်, မပိုင်တဲ့ခန္ဓာကိုယ်ကြီးကို ထောက်ထောက်ပြီးတော့ ဟောဖော်ညွှန်ပြနေတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အသံတော်

http://www.dhammadownload.com



ရယ်, သူတို့ရဲ့ သန္တာန်ထဲမှာ သုံးသပ်ဆင်ခြင်နှလုံးသွင်းပြီးတော့ နာခံမှတ်သားနေတဲ့ နားရယ် တရားကလဲ အနှစ်, နားကလည်း အသစ်တွေ မှတ်သားနေရတော့ တကယ့်ကို ခန္ဓာငါးပါး ဘာသစ္စာတွေ့ပြီ။

*"ဒုက္ခသစ္စာပါဘုရား"*

ဘာနဲ့လှမ်းပြီး တွေ့နေတာတဲ့လဲ။

*"ဉာဏ်ကလေးနဲ့ပါဘုရား"*

လှမ်းပြီးတော့ တွေ့နေတဲ့၊ သုံးသပ်နေတဲ့ ဉာဏ်ကလေးကတော့ မဂ္ဂသစ္စာဉာဏ်ပဲလို့ ဘုရားရှင်က ဟောဖော်ညွှန်ပြတော့ ခန္ဓာကိုယ်ကြီးက ဖောက်ပြန်ပြောင်းလဲနေတဲ့ သဘောတွေ၊ ဖြစ်တာ ပျက်တာကို အမြဲမပြတ်တွေ့နေတဲ့ သဘောတရားလေးက ဒုက္ခသစ္စာ၊ အဲဒီဒုက္ခသစ္စာပေါ်မှာ မဂ္ဂသစ္စာနဲ့ သုံးသပ်ဆင်ခြင် ပွားများဖန်များလာတော့ ကမ္မဘဝဆိုတဲ့ သမုဒယသစ္စာသေတယ်။ မသေဘူးလား။

*"သေပါတယ်ဘုရား"*

သမုဒယသစ္စာသေတော့ ရာဂ၊ ဒေါသ၊

http://www.dhammadownload.com



မောဟတွေ တဒင်္ဂ ငြိမ်းမနေဘူးလား။

*"ငြိမ်းနေပါတယ်ဘုရား"*

ငြိမ်းတာက နိရောဓသစ္စာနော်။ ဒီတော့ တစ်ပြိုင်နက်တည်းမှာ သစ္စာလေးပါးမပေါ် ဘူးလားဗျာ။

*"ပေါ်ပါတယ်ဘုရား"*

ဒီတော့ ဘုရားရှင်ရှေ့မှောက်မှာပင်လျှင် ခဏလေးအတွင်းမှာပဲ တရားလေးဟော ရင်း ဟောရင်းနဲ့ ခန္ဓာကိုယ်ထဲမှာ သုံးသပ် ဆင်ခြင်လာလိုက်ကြတာ ဖျတ်ခနဲဆိုရင် ရသေ့ငါးရာလုံးဟာ အာသဝေါကုန်ခန်းလို့ ရဟန္တာဖြစ်ကြတယ်။ ဟုတ်ပြီလားပရိသတ် များ။

*"တင်ပါ့ဘုရား"*

ရဟန္တာဖြစ်တဲ့အခါကျတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ဘာလျှောက်သလဲ ဆိုရင် မှန်လှပါမြတ်စွာဘုရား။ တပည့် တော်တို့ သန္တာန်ထဲမှာ အကာကိုပစ်လို့ အနှစ်ကိုရခဲ့ပါပြီဘုရားလို့ လျှောက်ကြတယ် တဲ့။

http://www.dhammadownload.com



*"တင်ပ့ါဘုရား"*

တပည့်တော်များ နောက်ထပ်ပဋိသန္ဓေ နေရန် အကြောင်းမရှိတော့ပါဘုရား။ နောက်ထပ်တဖန် ဟောဒီဘုံဌာနတွေကို ဘယ်တော့မှ မလာရောက်တော့ပါ မြတ်စွာဘုရား။ တပည့်တော်တို့ ကျင့်သုံးစရာ နောက်ထပ်မရှိတော့ပါဘုရားလို့ လျှောက်ကြတယ်။ ပြုဖွယ်ကိစ္စ ဘာကြောင့်မရှိတော့တာလဲလို့မေးရင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုတဲ့ မဂ်လေးဆင့်၊ ဖိုလ်လေးဆင့်ရရှိခြင်းကြောင့် နောက်ထပ်အလုပ်လုပ်စရာ လိုသေးသလား။

*"မလိုတော့ပါဘုရား"*

မလိုတော့ပါဘူးလို့ လျှောက်ထားလိုက်တဲ့အခါကျတော့ ပရိသတ်များရေ၊ ရသေ့ငါးရာလုံးကို ဟေ့ဘိက္ခုခေါ်လို့ ရသေ့ငါးရာလုံးဟာ ရဟန်းအသွင်နဲ့ ရဟန္တာလည်းဖြစ်ကြရော နောက်ကဘယ်သူတွေလိုက်လာကြသလဲ။

*"ဒကာတွေပါဘုရား"*

http://www.dhammadownload.com



သူဌေးသုံးယောက် ဦးဆောင်လို့ သောင်းနဲ့ချီပြီး အခြွေအရံ ပရိသတ်တွေပါသတဲ့။ သူဌေးတစ်ယောက်မှာ အခြွေအရံသုံးသောင်းစီပါလာကြသတဲ့ ပရိသတ်များရေ။ အခြံအရံတွေနဲ့တကွ စားစရာတွေကလည်း အပြည့်ဆိုတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို လှူဒါန်းလိုက်ကြတာ သံဃာတော်တွေက နည်းနည်းလား အများကြီးလား ပရိသတ်။

*"အများကြီးပါဘုရား"*

ဘယ်လောက်ပင်များသော်လည်း သံဃာတော်များအားလုံးကို သုံးလတိတိ လှူဒါန်းကြသတဲ့။ ဘယ်နှစ်လတဲ့လဲ။

*"သုံးလပါဘုရား"*

သံဃာတော်တွေဟာ သိန်းချီပြီးရှိနေတာနော။ အဲသလို သူဌေးသုံးယောက်တို့ လှူဒါန်းပြီးတဲ့နောက်နေ့မှာ ရေစက်သွန်းချအမျှပေးဝေမယ်၊ ဘုရားရှင်ထံတော်ပါးမှာ အားရကျေနပ်အောင် တရားနာမယ်ဆိုပြီး သွားကြတော့ ဘုရားရှင်က ဘာတရားဟော

http://www.dhammadownload.com



သတဲ့လဲ။

*"အကာကိုဖယ်ပစ် အနှစ်ကိုရှာပါဘုရား"*

ဟုတ်တယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကွယ်တို့... ဒကာ,ဒကာမတို့၊ သင်တို့လုပ်တဲ့ကုသိုလ်ကောင်းမှုတွေကကောင်းတယ်။ ဒါပေမဲ့ ဒီလောက် ကုသိုလ်ကောင်းမှုလေးနဲ့ လောကမှာရပ် တည်ပြီးမနေကြလေနဲ့။ ဒါနကုသိုလ်ကောင်းမှုလုပ်တယ်၊ သီလကုသိုလ်ကောင်းမှုတွေ လုပ်ကြတယ်၊ သမထကုသိုလ်ကောင်းမှုတွေလုပ်ကြတယ်။ ဒီကုသိုလ်ကောင်းမှု တရားတွေက သင်တို့သန္တာန်ထဲမှာရှိနေပေမယ့်အကာပဲရှိသေးတယ်ကွယ်တို့။ ဝိပဿနာဆိုတဲ့ တရားထူး တရားမြတ် အနှစ်သာရတရားတွေကို တွေ့အောင်ရှာကြလို့ ဘုရားရှင်ကဟောပြီး သစ္စာလေးပါးတရားကိုပါတစ်ဆင့်တက်ပြီး မဟောဘူးလား။

*"ဟောပါတယ်ဘုရား"*

ဟောလဲဟောလိုက်တော့ အကုန်လုံး

http://www.dhammadownload.com



သူဌေးတွေနဲ့တကွ မောင်းမအခြွေအရံတွေ ဟာ သောတာပန်တည်ကြတယ်တဲ့။ ဘာ တည်ကြတာတဲ့လဲ။

*"သောတာပန်တည်ပါတယ်ဘုရား"*

သောတာပန်တည်တယ်ဆိုတာ ဘာ တံခါးပိတ်တာတဲ့လဲ ပရိသတ်တွေ။

*"အပါယ်တံခါးပိတ်တာပါဘုရား"*

မကောင်းဘူးလားဗျာ။

*"ကောင်းပါတယ်ဘုရား"*

ဘာကြောင့် သူတို့မြန်မြန်တရားရတာ လဲလို့မေးလို့ရှိရင် သူတို့သန္တာန်မှာ အခြေခံ တရားတွေရှိတယ်။ ဟုတ်လား။ ရသေ့ငါးရာ လုံးကို အမြဲမပြတ် လှူဒါန်းထားတဲ့ ဒါန ကုသိုလ်စေတနာကလဲ ပြတ်သားနေတယ်။ မျိုးစေ့ကလည်းရှိ သဒ္ဓါတရားကလည်း ရှိ နေတာကိုး။ ငါးပါးသီလကလည်း ကိုယ်စီ ကိုယ်ငှ ရှိကြတယ်။ သမထ ဘာဝနာဆိုတဲ့ တရားကိုလည်း အမြဲမပြတ် ပွားများနေ တတ်ကြတယ်။ အဲဒီလို အထုံပါရမီ ဓာတ်ခံ တွေလည်း ရှိနေတော့ ဘုရားကိုယ်တော်

http://www.dhammadownload.com



မြတ်ကြီးလည်း ဟောလိုက်ရော လွယ်လင့် တကူပဲ တရားထူးတရားမြတ်ကို ရကြ တယ်ဟုတ်လား။ ဒီတော့ တရားလည်းရ ရော ပရိသတ်အပေါင်း သူတော်ကောင်းတို့ ရေ အဲဒါအကာကို ရတာလား၊ အနှစ်ကို ရတာလား။

*"အနှစ်ကို ရတာပါဘုရား"*

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ, ဒကာမ တွေ အကာနဲ့ အနှစ်ကို နားလည် သဘော ပေါက်စေချင်တယ်နော်။ အကာကို ဖယ်ဆို တာက ဒါနကို လုံးဝမလုပ်နဲ့၊ သီလကို မစောင့်ထိန်းနဲ့၊ သမထဘာဝနာ မပွားများ နဲ့လို့ ဆိုလိုတာ မဟုတ်ဘူး၊ ဟုတ်လား။ ဒီအနှစ်တရားဆိုတာတွေသည် အကာတွေနဲ့ ခြံရံပြီးတော့မှ ရှိနေတာ ဟုတ်လား။ အနှစ်ဆိုတာ သူချည်းသက်သက်ရှိနေတာ မဟုတ်ဘူး။ အကာတွေနဲ့ ခြံရံပြီးတော့မှ အနှစ်ကို မရအရ, မတွေ့တွေ့အောင်ရှာ ယူရတာနော်။ အကာလေးကို တွေ့ရုံနဲ့ ကျေနပ်ပြီးမနေရဘူးနော်။ ဒါနတော့ ပြည့်စုံ

http://www.dhammadownload.com



နေပြီ၊ သီလတော့ ပြည့်စုံနေပြီ၊ သမထလဲ ကြိုးစားတယ်။ ဒါလောက်ဆိုရင် လောကမှာ ပြည့်စုံလောက်ပြီဆိုတဲ့ အာရုံဇောလေးကို ဖယ်လိုက်ပါလို့ ဆိုလိုတာနော်။ အဲဒီအင်အား သတ္တိလေးကို ဖယ်ပြီး အဲဒီထက် တစ်ဆင့်မြင့်တဲ့ အင်အားလေးကို ကြိုးစားမွေးပြီး တစ်ဆင့်တက်ပြီးတော့ ခန္ဓာငါးပါး၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ရဲ့ ဖြစ်ခြင်း, ပျက်ခြင်းတွေ၊ ဖြစ်ပြီး ပျက်စီးနေတဲ့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောဒီသဘော လက္ခဏာသုံးပါးလုံးကို အမြဲမပြတ် ဆင်ခြင်သုံးသပ်ကြစမ်းပါလို့ မမှာဘူးလား။

*"မှာပါတယ်ဘုရား"*

မှာတော့ တရားမရဘူးလား။

*"ရပါတယ်ဘုရား"*

ဒါကြောင့် ပရိသတ်များ သူတို့ကိုယ့်နေရာကိုယ် ပြန်ရောက်တဲ့အခါကျတော့ အသီးသီး ကျောင်းဆောက်လှူဒါန်းကြတာနော်။ မြတ်စွာဘုရားရှင်ကိုလေ။ ပြီး

http://www.dhammadownload.com



တော့ ဘုရားရှင်ကိုလည်း သူတို့ရဲ့မြို့ကိုပင့်ကြတာ ဟုတ်လား။ မြတ်စွာဘုရားရှင်နဲ့ သံဃာတော်များအားလုံးအတွက် ကျောင်းများဆောက်လုပ် လှူဒါန်းပါရစေ ဆိုပြီး ပင့်တာ။ ဒါကြောင့်မို့သာ အိန္ဒိယမှာ ပါဝါရိက သူဌေးလှူတဲ့ ကျောင်းတော်ကို ပါဝါရိကကျောင်းတော်၊ ဃောသကသူဌေးလှူတဲ့ ကျောင်းကို ဃောသကကျောင်းတော်၊ ကုက္ကုဋ သူဌေးလှူတဲ့ ကျောင်းတော်ကို ကုက္ကုဋာရုံကျောင်းတော်ဆိုပြီးတော့ မရှိခဲ့ဘူးလား။ ရှိတယ်နော်။ သူတို့သည် ဘုရားအမှူးရှိတဲ့ သံဃာတော်များကို အမြဲမပြတ်ကုသိုလ်ကောင်းမှု တရားများဖြင့်သာလျှင် အလုပ်အကျွေးပြုစုတော်မူကြတယ်။ ဘာကြောင့်များ ဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ သံဃာတော်များကို ပြုစုကြသလဲလို့မေးရင် ဘုရားရှင်ဟောတဲ့ တရားတော်များကို သူတို့ကိုယ်တိုင်က ရရှိထားကြလို့ ဟုတ်လား ပရိသတ်များ။ ဒါကြောင့် ဘုရားရပြီးတော့မှ ကုသိုလ်တွေ လုပ်ရတာ ပိုပြီး မကောင်းဘူး

http://www.dhammadownload.com



လား။

"ကောင်းပါတယ်ဘုရား"

ဘာကြောင့်လဲလို့မေးရင် မိမိသန္တာန်ထဲမှာ စိတ်တွေသန့်ရှင်းတယ် စိတ်နေသန့်ရှင်း အပြစ်ကင်း၊ ကောင်းခြင်းအမှန်ပါ ဆိုသည့်အတိုင်း မိမိစိတ်အစဉ်လေးသည် ဘုရားအပေါ်, တရားအပေါ်, သံဃာအပေါ်မှာ ယုံမှားသံသယတွေကင်းပြီး သကာလ အကျိုးကိုပဲမြင်တာဟုတ်လား။ သူတို့ကို အကြောင်းပြုပြီး သံဃာတော်အရှင်ကောင်း အရှင်ကောင်းအရှင်မြတ်တွေ စိတ်ချမ်းသာစွာ တရားတွေနဲ့ မွေ့လျော်ပြီး လှူဒါန်းအပ်သော ဆွမ်းတွေကို သုံးဆောင်ရင်းနဲ့ ပုထုဇဉ်သံဃာတော်များ သောတာပန်တည်ကြမယ်။ သောတာပန်ရဟန်းတွေလည်း သကဒါဂါမ် တည်မယ်။ သကဒါဂါမ် ရဟန်းတွေလည်း အာသဝေါကုန်လို့ ရဟန္တာဖြစ်ကြမယ်။ အာဟာရတရားပြည့်စုံ မှသာလျှင် ရဟန်းတော်တွေ တရားထူး တရားမြတ်တွေ ရကြမှာပါလားဆိုတဲ့ မျှော်လင့်ချက်

http://www.dhammadownload.com



တွေနဲ့ ဆွမ်းကွမ်း ဝေယျာဝစ္စတွေ လှူဒါန်းကြတယ်။ ဟုတ်လား ပရိသတ်များ။ ဆွမ်းကွမ်းလှူတဲ့နေရာမှာ အဲဒီလိုမျိုး ရည်ရွယ်ချက်ရှိရတယ်နော်။

အဲဒီလှူဒါန်းတဲ့ကုသိုလ်စေတနာဇော အဲဒီစေတနာဇောကြောင့်လည်း တပည့်တော်များ ခန္ဓာဇာတ်သိမ်းရပါလို၏ဆိုပြီး ဆုလည်းတောင်းတတ်ရတယ်နော် ဟုတ်လား။ ဘာကြောင့်ဆုတောင်းရတာလဲမေးတော့ ဆုတောင်းခြင်းရဲ့ အနက်အဓိပ္ပာယ်ကလည်းပဲ ထင်ရှားရှိရတယ် ဟုတ်လား။ တောင်းလည်းတောင်းတတ်ရတယ်။ ဆုမတောင်းရင် ဘာနဲ့တူသလဲဆိုတော့ ခွေးရူးနဲ့တူတယ်တဲ့။ ခွေးရူးသည် ဦးတည်နေတဲ့နေရာကိုသွားတာပဲ။ မသွားဘူးလား။

*"သွားပါတယ်ဘုရား"*

ဘယ်နေရာရောက်မှန်းလည်းမသိ၊ ဘယ်နေရာနေမှန်းလည်းမသိ၊ အစာစားရမှန်းလည်းမသိ၊ ဒီလိုဖြစ်နေတတ်တယ်တဲ့။ အဲသလိုပဲ ဆုအင်အားဓာတ်မရှိသော ပုဂ္ဂိုလ်

http://www.dhammadownload.com



သည့် မိမိကုသိုလ်ကောင်းမှုလုပ်ရင် ကုသိုလ်ကောင်းမှု၏ အင်အားစေတနာဓောကို မိမိ၏ သတိဖြင့် သိမ်းဆည်းပြီး ဤကုသိုလ်ကောင်းမှု၏ စေတနာဓောတို့ကြောင့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ပြည်နိဗ္ဗာန်ကို ဆုမတောင်းတတ်ဘူး။ ကုသိုလ်အင်အား ခတ်များတဲ့ ပုဂ္ဂိုလ်များကျတော့ နိဗ္ဗာန်သို့ ကိုင်းညွတ်ပြီး အာရုံယူတတ်တယ်တဲ့။ အဲသလိုယူတတ်ရင်ဖြင့် ပရိသတ်များ ဘုရားရှင်အလိုတော်ကျ ဖြစ်ပြီနော်။ ဘယ်သူ့အလိုတော်ကျတဲ့လဲ။

*"ဘုရားရှင်အလိုတော်ကျပါဘုရား"*

ဒါကြောင့်မို့လို့ ရသေ့ငါးရာတို့သည် ဘာကိုဖယ်ပြီး ဘာကိုရှာကြပါလိမ့်။

*"အကာကိုဖယ်ပြီး အနှစ်ကိုရှာကြပါတယ်ဘုရား"*

အကာကိုဖယ်ပြီးတော့ အနှစ်ကိုရှာတယ်။ အေး...သူတို့ရဲ့ပစ္စည်းလေးပါး ထောက်ပံ့ကြတဲ့ ဒကာ,ဒကာမတွေကိုလည်းပဲ ဘာနဲ့ ချီးမြှောက်ခိုင်းသလဲ။

http://www.dhammadownload.com



*"အနှစ်တရားနဲ့ပါဘုရား"*

အေး...သူတို့ရသလို ရစေချင်လို့ လိုက်လာကြလို့ မှာပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ မတွေ့ပေးဘူးလား။ တွေ့ပေးတယ်နော်။ ပါဝါရိက စတဲ့သူဌေးတွေဟာ ရောက်တယ်ဆိုရင်ပဲ သူတို့ရဲ့ ဆရာရသေ့တွေကို လိုက်ရှာကြတာ။ တွေ့ပြန်တော့လည်း ဟိုတုန်းကပုံစံမျိုးနဲ့ မတူတော့ဘူး။ ဟိုတုန်းက မှတ်ဆိတ်အရှည်ကြီးတွေနဲ့ ဘုရားရှင်ထံရောက်တော့မှ အကုန်လုံးရိတ်ပြီးတော့မှ ကြည်ညိုစဖွယ်တွေဖြစ်ပြီး ကြည်ညိုမှုတရားတွေလည်း အဲဒီတော့မှ ပိုတိုးတာတဲ့။ ဒီတော့ ရဟန်းတွေက ဘုရားရှင်ထံတော်ပါးခေါ်လို့ တရားဓမ္မတွေ နာခံမှတ်သားလို့ ကဲ...အကာကိုဖယ်ပြီးတော့ အနှစ်ကိုရရှိကြတာ ပရိသတ်များ။ ဒါကြောင့် ဒို့ပရိသတ်များမှာလည်းပဲ ဘာကိုဖယ်ပြီး ဘာကိုရှာရမှာတဲ့လဲ။

*"အကာကိုဖယ်ပြီး အနှစ်ကိုရှာရမှာပါဘုရား"*

http://www.dhammadownload.com



အေး… အကာကိုပယ်၍ အနှစ်ကိုရှာပါ ဟုတ်လား။ ဒီလိုမှ မရှာပါပဲနဲ့ အကာလောက်နဲ့ပဲနေတော့ ကိုယ့်အတွက် ပြည့်စုံမှု ရှိပါ့မလား။

*"မရှိပါဘုရား"*

ပြည့်စုံမှုမရှိနိုင်ဘူးနော်။ အခုကော ပြည့်စုံပလား ဆိုရင်လည်း အလုပ်လုပ်တုန်း၊ ကြိုးစားတုန်းမို့ မပြည့်စုံသေးဘူးနော်။ ဟုတ်ကဲ့လား။ ဒါကြောင့် ကျန်သေးတဲ့ ရက်ကလေးမှာ ဘာလုပ်ရမှာတဲ့လဲ၊ အိပ်နေရမှာလား၊ ကြိုးစားယူရမှာလား။

*"ကြိုးစားယူရမှာပါဘုရား"*

ဘုရားရှင်ရဲ့စကားကို နားမထောင်တဲ့ ပုဂ္ဂိုလ်တွေဟာ တရားမရဘူး။ အမှတ်တွေ ကျဲနေရင် တရားက ကျဲတယ်နော်။ စကားများရင် အမှတ်ကျဲတယ်။ အမှတ်ကျဲတော့ သမာဓိကျဲတယ်၊ သမာဓိကျဲတော့ ပညာမတိုးတက်၊ ပညာမတိုးတက်ဘဲအိမ်ကိုပြန်တော့ ညောင်းလိုက်တာ ညောင်းတာပဲ အဖက်တင်တယ်ဆိုပြီး ညည်းတာဟုတ်

http://www.dhammadownload.com



လား။ တရားကိန်းအောင် ကိုယ်တိုင်မှ မလုပ်ခဲ့တာ။ ကြိုးစားရတယ်။ ပရိသတ်များ တကယ်ကြိုးစားမှ တကယ်ရမှာ။ စကားမပြောမိအောင် ကြိုးစားနေရတယ်။ ဒီနေရာမှာ စကားပြောနေကြရင် မသွားနဲ့။ ကိုယ့်ဆီစကားပြောမယ့် ပုဂ္ဂိုလ်ရောက်လာလို့ရှိရင် ဘုရားက ဘာပြောသလဲဆိုရင် ငါ့ရဲ့ သီလ, သမာဓိ, ပညာကို ဖျက်ဆီးမယ့် ရန်သူကြီးရောက်လာပြီဆိုပြီး သတိနဲ့စောင့်ရှောက်ခိုင်းတာနော်။ စကားပြောရင် သမာဓိပျက်ပြီ၊ သမာဓိပျက်ရင် ပြန်စောင့်ထိန်းတဲ့ခါ အစက ပြန်စရတယ်မို့လား။ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် တွေ့တဲ့အခါ တရားအားထုတ်တဲ့ ယောဂီများသည် စကားမပြောရအောင် ဘယ်လိုမှတ်ရမလဲဆိုရင် သူစိမ်းလိုနော်။ တစ်ဦးကို တစ်ဦး သူစိမ်းလိုမြင်ရမယ်။ မိတ်ဆွေအပေါင်းအသင်း၊ သူငယ်ချင်းလို မမြင်ရဘူးတဲ့။ သူစိမ်းလို မြင်ရမယ်တဲ့။ သူစိမ်းဆိုတော့ စကားပြောစရာလိုသလား။

http://www.dhammadownload.com



*"မလိုပါဘုရား"*

အေး... အဲဒီလို မိမိရဲ့ စိတ်ခါတ်က လေးတွေကို မြှင့်တင်ထားပါမှ တရားရနိုင်တာတဲ့။ ဒီလိုမှမဟုတ်ပါဘဲ ဟိုနားတိုးတိုး၊ ဒီနားတိုးတိုး လုပ်နေလို့ကတော့ တရားရပါ့မလား။

*"မရပါဘုရား"*

ဘုန်းကြီးက ဒီကပြောလို့မပြီးသေးဘူး။ အနားကပ်သွားတာ စကားပြောမလို့လေ။ အော်... တော်တော်ဝကျတဲ့ ယောဂီတွေ။ အားမရလို့ ပြောနေရတာနော်။ ဘာဖြစ်စေချင်လို့၊ ယောဂီတွေကို တရားရစေချင်လို့နော်။ ရှင်းကောရှင်းရဲ့လား။

*"ရှင်းပါတယ်ဘုရား"*

ရှင်းပေမယ့် မလုပ်တာက ဝကျတယ်။ အလုပ်ဆိုတာ အချိန်ရှိတုန်း လုပ်ရတာနော်။ အခွင့်အရေးရှိတုန်း ကြိုးစားရတာ။ သေမင်းက ဦးသွားရင် ဒီအလုပ်တွေ မလုပ်နိုင်တော့ဘူး။ အကြောင်းအကျိုးညီညွတ်ပါမှ ဒီအခွင့်အရေးရတာ။ ဒါကြောင့် အခွင့်အရေးရတုန်း

http://www.dhammadownload.com



တင်းပြည့်၊ ကျပ်ပြည့် ရာနှုန်းပြည့်ရအောင် ကြိုးစားကြပါလို့ တိုက်တွန်းရင်နဲ့ အားလုံးကဲ… ဒီနေ့ဟောတဲ့ တရားက ဘာတဲ့လဲ။

*"အကာကိုပယ်၍ အနှစ်ကို ရှာပါဘုရား"*

အကာကိုပယ်၍ အနှစ်ကိုရှာပါဟုတ်လား။ ဒီလိုမှ မဟုတ်ဘဲ ကာယကံတွေ၊ ဝစီကံတွေ၊ မနောကံတွေ အပြစ်တွေကို ကပ်လုပ်နေမယ်ဆိုရင် တရားမရဘူးနော်။ ကာယကံထိန်းသိမ်း၊ ဝစီကံထိန်းသိမ်း၊ မနောကံတွေကို ထိန်းသိမ်းပြီး အကာကို ပယ်ပစ်မယ်ဆိုရင် တရားထူးဆိုတဲ့ အနှစ်ကို ရမယ်လို့ ဟောကြားရင်းနဲ့ ဣမိနာ ပုည ကမ္မေန– ယနေ့ယခုပြုလုပ် အားထုတ်ရသော "အကာကို ဖယ်ပစ် အနှစ်ကိုရှာ" အမည်ရသော တရားဓမ္မဒေသနာတော်မြတ်ကို ဟောဖော်ညွှန်ပြရသော ကောင်းမှုကုသိုလ်ကံစေတနာ၊ နာကြားရသော ကောင်းမှု ကုသိုလ်ကံစေတနာတို့ကြောင့် ကိုယ်စိတ်နှစ်ဖြာ အေးချမ်းစွာဖြင့် ဒုက္ခ

http://www.dhammadownload.com



ခပ်သိမ်း ချုပ်ငြိမ်းရာမှန် အေးနိဗ္ဗာန်တည်း ဟူသော ချမ်းသာထူး ချမ်းသာမြတ်ကို ပဝတ္တန္တိ- ရောက်လွယ် ရလွယ် ရရှိကြပါစေကုန်သတည်း။

*သာဓု...သာဓု...သာဓု။*

http://www.dhammadownload.com

## အလုပ်ပေးတရား

ကဲ...တရားပဲ နှလုံးသွင်းကြရအောင်။ တရားပဲ အားထုတ်ကြရအောင်။ တရား နှလုံးသွင်းမယ့် ယောဂီဟာ တရားထိုင်တော့ မယ်ဆိုရင် ပထမ ဣရိယာပုတ်ကို စနစ် တကျ ပြုပြင်ရမယ်။ တင်ပလ္လင်ခွေ၍ဖြစ် စေ၊ ခပ်ကျုံ့ကျုံ့ကလေးဖြစ်စေ အားရကျေ နပ်သော ဣရိယာပုတ်ကို ယူပြီး ထိုင်နိုင်ပါ တယ်။ အဓိက,က ဣရိယာပုတ် ခပ်ရှည် ရှည်နဲ့ မှတ်နိုင်ဖို့ပါပဲ။

လိုရင်းလေး ပြောရရင်...

တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါး မှာ ဖြောင့်အောင်ထား။ (ဝါ)ကျုံ့ကျုံ့ ခွေကာ၊ ထိုင်နေပါ၊ ခါးမှာ ဖြောင့်

http://www.dhammadownload.com



အောင်ထား။ မလှုပ်လူနွဲ့၊ ငြိမ်ငြိမ်နေ၊
စိတ်တွေမလွင့်ပါး။ မျက်စိမှိတ်ခါ၊
ခေါင်းတည့်ပါ၊ နှာခေါင်းဝမှာ စိတ်ကို
ထား။

ဆိုတဲ့အတိုင်း လက်ကလေးကို ရင်ခွင်ပေါ်မှာ တင်၍သော်လည်းကောင်း၊ ဒူးနှစ်ဘက်မှာ တင်၍သော်လည်းကောင်းထားပါ။ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထားပြီး ဦးခေါင်းကိုလဲ မတ်ထားရမယ်။ ခါးကိုဆန့်ပြီး မျက်စိကို မှိတ်ထားရမယ်။ ခန္ဓာကိုယ်ကို ငြိမ်ငြိမ်ကလေး ထားပြီးတာနဲ့ တည်ကြည်သော သမာဓိ၊ စူးရှသော သတိ၊ ကြီးမားသော လုံ့လဝီရိယကို လက်ကိုင်ထားပြီး ကုသိုလ်အာရုံဖြင့် ခန္ဓာကိုယ်ကို ခိုင်းဖို့ပါပဲ။

ဒီလိုနဲ့ တရားမှတ်ကြတော့မယ်ဆိုတော့ စိတ်ကို ချမ်းသာအောင်ပထမ ယူရမယ်။ နှလုံးသွင်းပုံက 'ယနေ့ ငါသည် ကျန်းမာပြီး သဒ္ဓါတရား ရှိတဲ့အချိန်ပါလား။ ဗုဒ္ဓအဆုံး

http://www.dhammadownload.com



အမ တရားတော်ကို လက်တွေ့ကျင့်သုံးခွင့် ရနေတဲ့ ဘဝပါလား။ ဘဝဟာ တန်ဖိုးရှိနေလိုက်တာ'လို့ ချမ်းသာတဲ့ စိတ်ကလေးကို မွေးပြီးမှ မိမိရဲ့ စိတ်ကို နှာသီးဝမှာ ကပ်ပြီး ရှုရှိုက်နေတဲ့ ဝင်လေ ထွက်လေကို စိတ်ဖြင့် အကဲခတ်ကြည့်နေပါ။

လင်္ကာလေးနဲ့ ပြောရရင်တော့...

ဝင်လေထွက်လေ စိတ်စိုက်နေ၊
မှတ်လေ ယောဂီများ။
မနှေးမမြန် ဝင်လေဟန်
မှတ်ပြန် သတိထား။
ဝင်လေရပ်၊ ထွက်လေရပ်
ဖြစ်ချုပ် သိအောင်ပွား။

ဆိုတဲ့အတိုင်း တစ်ချက်တည်း ကြည့်ရတာ မဟုတ်ဘူးနော်။ ဆက်တိုက်ဆက်တိုက် ကြည့်ပေးရမယ်။ ကြည့်ဖန်များလာတော့ စိတ်ကလေးဟာ ငြိမ်ပြီး ခဏိက သမာဓိ အာရုံ ရလာတယ်။ သမာဓိ အာရုံ အကူ အညီယူပြီး ခန္ဓာ၏ ဖြစ်စဉ်ကို ဉာဏ်ဖြင့်

http://www.dhammadownload.com



အကဲခတ်ကြည့်နေဖို့ပါပဲ။

သမာဓိနဲ့ ဉာဏ် တွဲကြည့်တဲ့အခါ ခန္ဓာကိုယ်မှ ဖောက်ပြန်ပြောင်းလဲမှုတွေ ဉာဏ်မှာ ထင်လာမယ်။ ဘယ်လိုလဲဆိုတော့ သတိနှင့် အကဲခတ်ခံနေရတဲ့ ခန္ဓာကိုယ်မှာ တရွရွ, တမွမွ, တလှုပ်လှုပ်, တဖြုတ်ဖြုတ်က တစ်မျိုး၊ တောင့်တင်းမှု၊ ညောင်းညာမှု၊ အောင့်မှု၊ ထုံကျင်ကိုက်ခဲ၊ ပူအေးမှု စသော ထူးခြားတဲ့ သဘောတွေ ဖြစ်လာတတ်ပါတယ်။ တစ်ခါတစ်ရံ ပေါ်တာတွေ များပြီး မှတ်စရာ မရှိသလို ဘာကို လိုက်မှတ်ရမှန်း မသိအောင် ဖြစ်နေတတ်ပါတယ်။ ထိုအခါ ယောဂီဟာ အထင်ရှားဆုံးကို ရှုမှတ်ရမယ်။ ထူးထူးခြားခြား ထင်နေတဲ့ နေရာကို စိတ်လွှတ်ပြီး၊ သတိကပ်ကာ ကြည့်နေဖို့ လိုတယ်။

အကြည့်ခံ ပေါ်ခန္ဓာ၏ ထင်ရှားနေရာ သဘောကလေးဟာ တဖြုတ်ဖြုတ်, တဖြတ်ဖြတ် ပြောင်းလဲနေပုံ သဘော လက္ခဏာ

http://www.dhammadownload.com



ကလေးကို ဉာဏ်ဖြင့် ထင်ထင်ရှားရှား တွေ့မြင်နေရုံပဲနော်။ မပိုစေနဲ့၊ မလိုစေနဲ့၊ မလွဲစေနဲ့။ ပိုရင်နုတ်ထား၊ လိုရင် ဖြည့်ထား၊ လွဲရင်တည့်ထား။ စိတ်ကို ခပ်အေးအေးထားပြီး အရှိကို အရှိအတိုင်း သိနေရုံပါပဲ။ အရေးအကြီးဆုံးက ဒိဋ္ဌိခဏ္ဍာတည်းဟူသော အတ္တဘောကြီးဟာ သိပ်ဇလေးလံ ထိုင်းမှိုင်းတတ်တယ်။ တစ်ခါတလေ မှတ်နေရင်း မှတ်နေရင်း ဖျတ်ခနဲဆို မှတ်အာရုံပျောက်ပြီး စိတ်ကူးအာရုံ ဝင်လာတတ်တယ်။ အဲသလို အရှိနဲ့ အသိ ကိုက်နေရင်း စိတ်ကူး ကိလေသာ အစားထိုး ဝင်လာတော့လဲ သတိဖြင့် ချက်ချင်း ပြန်သိအောင် ကြိုးစားပါ။ စိတ်ကူးပေါ်မှန်းသိတော့ ဖျတ်ဆို အမှတ် ပြန်ထင်လာတယ်။ ဘယ်အရာ ပေါ်ပေါ် သတိကလေး ကပ်သိလိုက်တော့ ပျောက်သွားတာပါပဲ။ ပြီးရင် ပြန်မှတ်ပေးပါ။ မှတ်စရာ ထူးခြား မတွေ့ရင် မူလကမ္မဋ္ဌာန်းဖြစ်တဲ့ အိမ်သည်စိတ် ဝင်လေ

http://www.dhammadownload.com



ထွက်လေကို ပြန်မှတ်ပါ။ ဝင်လေရဲ့ ပေါ်မှု၊ ပျောက်မှုကို ထင်အောင် ကြည့်ရမယ်နော်။ ထွက်လေရဲ့ ပေါ်မှု၊ ပျောက်မှုကိုလဲ ဉာဏ်မှာ တွေ့အောင်ကြည့်ပါ။ ဝင်လေ ဆိုတာလဲ သဘောကလေးမျှ၊ ထွက်လေဆိုတာလဲ သဘောကလေးမျှ ကိုင်ပြစရာမရှိ၊ အထည်မရှိ၊ ဒြပ်သဏ္ဌာန် မရှိ၊ ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည် မရှိတဲ့ သဘောကလေး သက်သက်ပဲဆိုတာကို ဉာဏ်ဖြင့် တွေ့အောင်ကြည့်ပါ။

ကြည့်ဆိုတဲ့ နေရာမှာ သာမန်မျက်စိနဲ့ (ဝါ) ပကတိမျက်စိနဲ့ ကြည့်ဖို့ မဟုတ်ဘူး။ ဒီပေါ်တာကို သိသိနေတဲ့ အသိစိတ်ကလေးမှာ ဉာဏ်ကလေး (ဝါ) ဉာဏ်မျက်စိနဲ့ တွဲပြီးမှ ပထမပေါ်တာကို သတိနဲ့ သိ၊ ဒုတိယက ဉာဏ်ကလေးနဲ့ ကြည့်ပါ။ ဒီလိုသိ၊ကြည့်တော့ ပေါ်နေတဲ့ ခန္ဓာကိုယ်ကို တွေ့တွေ့နေတဲ့ အသိထဲမှာ ဖြစ်ဖြစ်ပြီး ပျက်ပျက်နေတာကို ဉာဏ်ကလေးက လှမ်း

http://www.dhammadownload.com



ပြီး မြင်နေရုံပါပဲ။ အမြင်ခံ အာရုံနဲ့ အမြင် ဉာဏ်ကိုတော့ အမြဲတွေ့ထိ ထားရမယ်နော်။ တစ်မှတ်ချင်း တစ်မှတ်ချင်း တွေ့နေတော့မှ ရှေ့စိတ်ဖြစ်ပေါ်ပြီး ပျက်သွားနေတာကို နောက်စိတ်က တွေ့မြင်မယ်။ ဒီလိုမြင်ဖို့အတွက် သတိကတော့ လိုရင်းပါပဲ။ မှတ်စိတ်နဲ့ အာရုံနဲ့ ကိုက်နေတဲ့အခါ တစ်ခါတစ်ရံ လောကြီးနေတတ်တယ်။ ရလိုတဲ့စိတ် ပြင်းပြပြီး ရှုရှိုက်မှု မြန်လာတတ်တယ်။ ခန္ဓာကိုယ်ကို တောင့်တင်းထားတတ်တယ်။ စိတ်ကို တစ်ခါတစ်ရံ အောင့်ထားမိတတ်တယ်။ သတိကြီးကြီးထားပေးရတယ်။ စိတ်ကလေးကို လျှော့ပြီး ခပ်အေးအေးထားပါ။ ကြည်လင်သောစိတ်ကို မွေးထားပါ။ ဒါမှ ပြန်ထင်ရှားလာတတ်တယ်။ မဟုတ်ရင် အမှတ်ကျဲပြီး မှတ်စိတ်နဲ့ အာရုံ မကိုက်ဘဲ လွဲနေတတ်တယ်။ မလွဲပါစေနဲ့။ သတိပြန်ကပ်ပြီး ပေါ်နေတဲ့နေရာကို စိတ်ကလေး ညွှတ်ပြီး ကြည့်ပေးပါ။ ဆင့်ကဲ ဆင့်ကဲ

http://www.dhammadownload.com



ထင်ရှားအောင် ကြည့်ပေးပါ။ စိတ်အတွေ့သည် ခန္ဓာ၏ ဖောက်ပြန်ပြောင်းလဲနေတဲ့ နေရာမှာ စူးစိုက်တွေ့ထိနေရမယ်ဆိုတာကို အထူးသတိပြုပေးပါ။

မှတ်နေရင်း တစ်ခါတစ်ရံ အိပ်ချင်စိတ် ပေါ်လာတတ်တယ်။ ဝီရိယတင်ပြီး လေကို ခပ်ရှည်ရှည်ရှူပြီး မှတ်ပါ။ သို့မဟုတ် အမှတ်သညာ ပြောင်းပြီး ပြန်မှတ်ပါ။ မှတ် မရလောက်အောင် အိပ်ငိုက်မှုပေါ်ရင် မျက်စိကို အနည်းငယ်ဖွင့်ပြီး ရှေ့အာရုံတစ်ခုခုကို စူးစူးစိုက်စိုက် ကြည့်လိုက်ပါ။ မမှိတ်သော မျက်စိဖြင့် ခပ်ကြာကြာကြည့်၍ အာရုံပြောင်းလျှင် စိတ်ကို ဝင်လေထွက်လေမှာ သော်လည်းကောင်း၊ ဖောက်ပြန်နေတဲ့နေရာ မှာသော်လည်းကောင်း သတိလေးကပ်ပြီး ပြန်တွေ့အောင် ဆက်ကြည့်လျှင် ထင်ရှားလာမယ်။ ခဏခဏတော့ ပြန်မှတ်ရတယ်နော်။ ထင်ရှားအောင် စူးစိုက်ပြီး မှတ်လိုက်ရင် အရှိခန္ဓာနဲ့ အသိဉာဏ် တည့်သွားပါမယ်။

http://www.dhammadownload.com



ကမ္မဋ္ဌာန်း အားထုတ်တဲ့ ယောဂီဟာ ကိလေသာ ကြားမခိုရအောင် သတိမဂ္ဂင်ဖြင့် ပေါခန္ဓာကို ကြည့်ပေးရမယ်။ ပေါခန္ဓာဆို တာ လက်,ခြေ,ဦးခေါင်း,ပေါင် စသော ပုံသဏ္ဌာန်နိမိတ်ကို မြင်ရသည် မဟုတ်ပါ။ ပုံမှန် ဝင်လေထွက်လေ၏ သဘောလက္ခ ဏာကို ကြည့်နေရင်းက ပင်ကိုခန္ဓာဖြစ်တဲ့ လေးဆယ့်ငါးပိဿာ, ငါးဆယ်အလေးချိန် ရှိတဲ့ ခန္ဓာကိုယ်ကိုမတွေ့ရစေဘဲ (ဝါ) ခွေး ဟောင်ခံရတဲ့ ခန္ဓာကိုယ်ကို မတွေ့စေဘဲ ပူမှု၊ အေးမှု၊ ညောင်းမှု၊ ကိုက်ခဲနာကျင်မှု၊ ထုံကျင်တောင့်တင်းမှု၊ ဆင်းရဲချမ်းသာစ သော ဖောက်ပြန်မှုတွေ တစ်မျိုးမဟုတ် တစ်မျိုး အထူးပေါ်လာနေတဲ့ သဘောခန္ဓာ တွေကို ဉာဏ်ဖြင့် တွေ့လာရပါမယ်။

ထူးခြားသော ပေါခန္ဓာကို စိတ်အေး အေးထားပြီး ကြည့်လေ တွေ့လေ၊ ကြည့် လေ တွေ့လေနဲ့ အကြည့်တတ်ရင် ထင်ရှား လာပြီး အကြည့်မတတ်ရင် မထင်ရှားဘဲ

http://www.dhammadownload.com



ကိလေသာ အစားထိုးနေတတ်တယ်။ ခန္ဓာ၏ ဖောက်ပြန်ပြောင်းလဲမှု ပြနေတဲ့ နေရာမှာ စိတ်ကလေးကို ညွှတ်ပြီး တွေ့ထိနေတဲ့ အာရုံ၏ သဘောလက္ခဏာလေးကို မြင်နေပါစေ။ တဖြောက်ဖြောက်နဲ့ အိုးကင်းထဲမှာ နှမ်းများ ဖောက်သံ ကြားရသလို ထမင်းအိုးထဲမှာ ရေဆူလာတော့ အမြှုပ်ကလေးတွေ၊ ရေပွက်ကလေးတွေ တဖွက်ဖွက်နဲ့ ဆူပွက်ပြီး ပျောက်ပျောက်နေတာ မြင်နေရသကဲ့သို့ ခန္ဓာအစဉ်ကို ဉာဏ်ယှဉ်ပြီး ကြည့်ဖန်များလာသည်ရှိသော် (ဝါ) အကဲခတ်ပြီး ကြည့်ဖန်များလာသော် ရှေ့စိတ်နှင့် နောက်စိတ်၊ ရှေ့အာရုံနှင့် နောက်အာရုံ မတူတဲ့ အမူအရာကို လှမ်းတွေ့နေအောင် နှလုံးသွင်းပေးရတယ်။

ကိုယ်ခန္ဓာက "ဟော့...တရားအားထုတ်နေတဲ့ ယောဂီ၊ ဒီမှာကြည့်စမ်းပါ။ မင်းက ကိုယ့်ကိုယ်ကို အထင်ကြီးနေတယ်။ ဘဝင်တွေ မြင့်နေတယ်။ မြဲနေသလိုလို၊ ချမ်းသာ

http://www.dhammadownload.com



နေသလိုလို၊ ကိုယ်ပိုင်နေသလိုလို အထင်ကြီးနေတယ်။ ဒီမှာကွကြည့်စမ်း၊ ဖောက်ပြန်နေတယ်လေ။ မမြဲဘူးကွ။ မမြဲလို့သာ ဟိုနားကတစ်မျိုး၊ ဒီနားကတစ်ဖုံ ဖောက်ပြန်နေတာပေါ့။ မြဲတယ်ဆိုရင် ဒီလို ဖောက်ပြန်ပါ့မလား။ ဒီမှာ နာပြနေတယ်၊ ထုံပြနေတယ်၊ ကိုက်နေတယ်၊ အောင့်နေတယ်။ မြင်အောင်ကြည့်စမ်း"လို့ မမြဲပုံ၊ ဆင်းရဲနေပုံ၊ ကိုယ့်သဘော မဟုတ်ပုံကို ပေါ်ခန္ဓာက တဖျတ်ဖျတ် ထင်ရှားနေတယ်၊ ပေါ်လွင်နေတယ်၊ သက်သေပြနေတယ်နော်။ တစ်ဦးတစ်ယောက်က လာပြနေတာ မဟုတ်ဘူး။ မဟာဗြဟ္မာ ဗိဿနိုးက လာပြနေတာ မဟုတ်။ ဘုရားသခင်က လာပြတာ မဟုတ်ဘူးနော်။ ခန္ဓာကိုယ်က ဒီမှာကွ အဝေးမှာ မကြည့်နဲ့၊ ကိုယ့်ကိုယ်မှာ ကြည့်စမ်းပါဟု ခန္ဓာက တရားတွေ ပြနေတယ်။ ခန္ဓာက တရားဟောနေတယ်။ မြင်အောင် ကြည့်စမ်းပါ။ အနှစ်အရသာ ကင်းမဲ့တဲ့ ခန္ဓာပါလားဆို

http://www.dhammadownload.com



တာ သူက ပြောနေတယ်။ ကိုယ်ထင်သလို မဟုတ်ဘူးနော်။ သူ့သဘောသူဆောင် ပြနေတဲ့ ခန္ဓာကို တွေ့အောင် ကြည့်ပေးရတယ်နော်။ သတိထားကြည့်၊ ဝီရိယစိုက်၊ ဉာဏ်ဖြင့် ထင်ရှားပါစေ။ တရားအားထုတ်တယ်ဆိုတာ ကံအလုပ် မဟုတ်ဘူးနော်။ ဉာဏ်အလုပ်ဖြစ်လို့ ခန္ဓာက ပြနေတာကို ဉာဏ်ဖြင့် တွေ့ရမယ်။ လူပြော အတွေ့ မဟုတ်ဘူးနော်။ အရှိခန္ဓာမှာ အသိဉာဏ် ဖြင့် မြင်ရမယ်။ ဒါမှ ဒုက္ခသစ္စာမှ မဂ္ဂသစ္စာ ဖြစ်ပြီး လမ်းပြောင်းတဲ့အလုပ်ဆိုတာ မှတ်ပါ။

ကမ္မဋ္ဌာန်း ရှုမှတ်ပုံ နည်းလမ်းတွေက တော့ သူ့နည်းနဲ့ သူ့ဟာန် မှန်တာချည်း ပါပဲ။ ကိုယ်နဲ့ သဘောမမိလို့သာ မကြိုက် သလို ဖြစ်နေတတ်တယ်။ ဘယ်နည်းဖြစ်ဖြစ် လက်တွေ့ အားထုတ်ကြည့်တော့မှ တရား၏ တန်ဖိုးတွေနဲ့ တိကျခိုင်မာမှုတွေကို နားလည်သဘောပေါက်ပြီး ဝိပဿနာ

http://www.dhammadownload.com



တရားတိုင်းဟာ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်တွေချည်းပဲဆိုတာ သိလာတယ်။ ကိုယ့်ဉာဏ်က မမီတိုင်း ဟိုပုတ်ခတ်၊ ဒီပုတ်ခတ် မပြောရပါဘူး။ အားလုံးဟာ ဘုရားရှင်အဆုံးအမတွေပဲ မို့လို့ ကြိုက်တဲ့ နည်းယူပြီး အားထုတ်ဖို့ကသာ အဓိကပါ။ တရားအားထုတ်မှုမှာ ဗဟုသုတ ပြည့်စုံလေ ကောင်းလေပဲ။ သုတပြည့်စုံရင် ဘယ်နည်းကျင့်ကျင့် လက္ခဏာသုံးပါးပါပဲ။ ဖြစ်ပေါ်လာသော ခန္ဓာတွေဟာ အမြဲမပြတ် ပျက်နေတာပဲ။ ဉာဏ်က ထိမိအောင် အားထုတ်တတ်ဖို့လိုတယ်။

"ဣဓ ဘိက္ခဝေ ဘိက္ခု သုတဝါ အရိယာသာဝကော အရိယာနံ ဒဿဝီ ဟောတိ"

ကြားနာမှု နည်းပေါင်းများစွာ သိထားတဲ့ ဗဟုသုတပိုင်ရှင်သည် ကိုယ်လဲကျင့်သုံးလို့ အရိယာဖြစ်နိုင်တယ်။ အရိယာပုဂ္ဂိုလ်တွေ စကားကိုနားလည်တယ်။ အရိယာ

http://www.dhammadownload.com



တွေကို ဉာဏ်နဲ့ တွေ့သိနိုင်တယ်။

**တစ်နည်းတွေ့ရုံ ကျမ်းမစုံ**
**အားကုန်ခံ၍ မငြင်းနှင့်** တဲ့။

တရားဆိုတာ ငြင်းခုံစရာ မဟုတ်ဘူး။ နှလုံးသားနဲ့ ဆွေးနွေးရတယ်။ အားထုတ်ရတယ်။ ဓမ္မအာရုံကို နှလုံးသားနဲ့ လက်ခံအောင် အားထုတ်ရမယ်။ တရားထူး တွေ့တယ်ဆိုတာ နှလုံးသားထဲမှာ ဉာဏ်နဲ့ တွေ့တာနော်။ ခန္ဓာ၏ ထင်ရှားမှုတွေကိုလဲ ဉာဏ်နဲ့တွေ့တာ။ ပါးစပ်က တွေ့တာ မဟုတ်ဘူး။ ဖြစ်ပျက်ဆိုတာ စိတ်ကူးနဲ့ တွေ့တာ မဟုတ်ဘူး။ ဉာဏ်မှာ ထင်လာတာနော်။ စိတ်ကူးနဲ့ မှန်းဆပြီး ဖြစ်ပျက် ဖြစ်ပျက်လို့ လုပ်နေရတာ မဟုတ်ပါဘူး။ ပေါ်နေတဲ့နေရာမှာ ပထမ သတိနဲ့ ထောက်ပြီး ဒုတိယက ဉာဏ်နဲ့ ပြောင်းလဲနေတဲ့ အမှုအရာကို တွေ့ရမယ်။ မတူတဲ့ သဘော၊ ပြောင်းလဲနေတဲ့သဘောကို ဆင်ကွဲမြင်တတ်ဖို့ လိုတယ်။ ဆင်တူမြင်ရင် သမထအာရုံ

http://www.dhammadownload.com



ဖြစ်ပြီး အာရုံတစ်ခုထဲမှာ ငြိမ်နေပြီး အေးချမ်းနေတတ်တယ်။ ဒါ သတိပြုဖွယ်ပဲ။ ယောဂီက ဟာ– ငါ့မှာ ဝေဒနာ မရှိဘဲ ချမ်းသာလိုက်တာ၊ ကောင်းလိုက်တာဆိုပြီး သာယာနှစ်သက်ကာ ပျော်နေတတ်တယ်။ အကြာကြီးနေတတ်တယ်။ ခန္ဓာရဲ့သဘော သည် ဘယ်သောအခါမှ တည်တည်ငြိမ်ငြိမ် မရှိဘူးနော်။ ဝေဒနာတစ်ခုမဟုတ်ရင်တစ်ခု ပေါ်နေပါတယ်။ သုခ မဟုတ်ရင် ဒုက္ခ၊ သို့မဟုတ် ဥပေက္ခာ တစ်ခုခု ပေါ်နေတာ ပါပဲ။ ကိုယ်က သတိထား၊ ဝီရိယစိုက်ပြီး ပညာနှင့် မကြည့်လို့ အကြည့်ခံအာရုံ၏ ဖြစ်ပျက်နေမှုတွေကို မတွေ့ရတာပါ။

တစ်ခါတစ်ရံ မှတ်ရတာ ဖွာကြဲကြဲ ဖြစ်နေတတ်တယ်။ ဒီအချိန်မှာ ယောဂီဟာ သဒ္ဓါထက်ထက်နဲ့ ကြိုးစားပြီး သညာပြောင်း မှတ်ပေးပါ။ သညာပြောင်းမှတ်မယ် ဆိုတာ ခန္ဓာကိုယ်ကို ရှုကြည့်နေခြင်း အာရုံမှ ပြောင်းပြီး၊ ခဏတဖြုတ် ဘုရားဂုဏ်တော်၊

http://www.dhammadownload.com



တရားဂုဏ်တော်၊ သံဃာဂုဏ်တော် စသည်ဖြင့် တစ်ခုခုကိုသော်လည်းကောင်း နှလုံးသွင်းနေဖို့ကို ဆိုလိုပါတယ်။ ဒီလိုမှမဟုတ်ရင် ပျင်းစိတ်တွေ ဝင်လာတတ်ပါတယ်။ ခဏတစ်ဖြုတ် ဒီလို နှလုံးသွင်း အာရုံယူပြီးမှ မူလအတိုင်း ပြန်ရှုမှတ်ပါ။

ရှုမှတ်ရင်းနဲ့ တစ်ခါတစ်ရံ ပြင်းထန်တဲ့ ဩဠာရိက ဝေဒနာတွေ ဖြစ်တတ်ပါတယ်။ မှတ်မရလောက်အောင် ပြင်းထန်တတ်တယ်။ ဒီအချိန်မှာ ဒီဒုက္ခဝေဒနာကို အနိုင်ရအောင် အားထုတ်သင့်တယ်။ ဘယ်လို အားထုတ်ရမလဲဆိုရင် မျက်စိကလေးကို အနည်းငယ်ဖွင့်ပြီး မိမိ စိတ်ကလေးကို ဖောက်ပြန်ခံစားနေရတဲ့နေရာသို့ ညွှတ်ထားပါ။ ဖြစ်ခြင်းပျက်ခြင်းကို ရှုမှတ်လို့ မထင်ရင် စိတ်ကို "ဆင်းရဲတဲ့သဘောပါလား၊ ဒုက္ခသစ္စာက ဒုက္ခသစ္စာကို ပြနေပါပေါ့လား"ဟု စိတ်ကသိထားရုံပဲ။ သိရင်းသိရင်းနဲ့ ဒီခံစားနေရတဲ့ နေရာမှ ရွေ့လျောနေပုံ၊ တဖြောင်း

http://www.dhammadownload.com



ဖြောင်း ထင်ရှားနေတာတွေကို တွေ့လာရမယ်။ တစ်ခါတစ်ရံ လျော့လာပုံ၊ တစ်ခါတစ်ရံ ပိုနာလာပုံတွေကို ဉာဏ်ဖြင့် တွေ့လာတတ်တယ်။ ဖွဲတော့ လိုတယ်နော်။ ဒီအချိန် စိတ်ရှည်ရမယ်၊ ဖွဲရှိရမယ်၊ သည်းခံစိတ်ထားနိုင်ရမယ်ဆိုတဲ့ စိတ်ဓာတ်မျိုး မွေးထားရမယ်။

ယောဂီဟာ တရားရရလိုတဲ့စိတ် ပြင်းပြပြီး အားထုတ်ရမယ်။ ဝီရိယကို လျှော့လိုက်ရင် ဉာဏ်ရှေ့မတက်တော့ဘူးနော်။ စိတ်ဓာတ်ကို အထက်တန်းကျကျ ထားရမယ်။ ဘာဖြစ်လို့ မထင်ရှားရတာလဲ။ ထင်ကို ထင်ရှားရမယ်။ တရားထူး ရကို ရစေရမယ်ဆိုတဲ့ အာဓာနည် စိတ်ဓာတ်ကို တင်ထားရမယ်။ ဝီရိယ လျှော့ပစ်ချင်တဲ့ အောက်တန်းကျတဲ့ စိတ်ကို မမွေးရပါဘူး။ ဒါကြောင့် ဘုရားရှင်က...

**ကိုယ်နှင့်အသက် မငဲ့ကွက် ရှုမှတ်နိုင်ရမည်။**

http://www.dhammadownload.com



**ရှုစဉ်ပေါ်ရိုး ဆင်းရဲမျိုး လွှမ်းမိုးပယ်ရမည်။**

**လမ်းဆုံးမရောက် ဒူးမထောက် တောက်လျှောက် သွားရမည်။**

**လမ်းဆုံးမရောက် လမ်းမပျောက် တောက်လျှောက်သွားရမည်**...လို့

မိန့်တော်မူခဲ့တယ်။ အာဓာနည်စိတ် ဓာတ်တင်ပြီး အားထုတ်လာရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ရည်ရွယ်ချက်ပန်းတိုင်ကို ရောက်မှာ သေချာတယ်။

ပဓာနိယင်္ဂ တရားထဲမှာ...

**ယုံကြည်ကျန်းမာ ဖြောင့်စွာစိတ်ထား ကြိုးစားတွင်တွင် ဖြစ်ပျက်မြင် ငါးအင် မဂ်ရကြောင်း** ဟု မိန့်ထားတဲ့ အတိုင်း ကျင့်သုံးကြမယ်ဆိုရင် တစ်နေ့နေ့ မှာ အပါယ်တံခါး ပိတ်တဲ့တရားထူးကို ရမယ်ဆိုတာ အားရကျေနပ်စွာဖြင့် မှတ် သားကြဖို့ပါပဲ။ ဒီလိုမှ မကျင့်ဘဲ လမ်းမှား လျှောက်နေကြမယ်ဆိုရင်တော့ အို...နော...

http://www.dhammadownload.com



သေ အထပ်ထပ် မြေကြီးတိုးပွားရုံပဲ အဖတ်တင်မယ်နော်။ တရားတော့ ထိုင်တာကြာပါပြီဘုရား ခုထိ ထူးထူးခြားခြား မတွေ့သေးပါလားဆိုပြန်တော့ နည်းကောင်းလမ်းညွှန်မရသေးလို့ မတွေ့ဘူးဆိုတာကို သတိထားဖို့ပါပဲ။ ဘာကြောင့် တရားထူး မရကြတာလဲဆိုတော့...

**မစွန့်ကာမ၊ ဆရာမရှိ၊ ဝီရိယလျော့၊ အင်အားပျော့ကာ၊ လွန်စွာယူမှား၊ ဤငါးပါး တရားမဂ်ဖိုလ်ဝေးကြောင်းတည်း**...တဲ့။

**ကဲ**...ဤကဲ့သို့ အမှားလမ်း၊ အမှန်လမ်း ဒီနှစ်လမ်းမှာ မှားယွင်းသော အကျင့်ဖြင့် အချိန်ကုန်သွားကြမယ်ဆိုရင် အိုမဆုံး၊ နာမဆုံး၊ သေမဆုံးပဲ ။ သုံးဆယ့်တစ်ဘုံမှာ ခေါင်းအမျိုးမျိုးပြောင်းပြီး ဆင်းရဲမဆုံး ဖြစ်နေတော့မှာပေါ့။ ဒါကြောင့် ဆရာကောင်း သမားကောင်းထံ ဥပနိဿယျ

http://www.dhammadownload.com



ယူပြီး အနီးကပ် ကျင့်သုံးနိုင်ဖို့ အရေးကြီးတယ်နော်။ ကမ္မဋ္ဌာန်းနည်း ရရင် ကိုယ့်ဟာကိုယ် အားထုတ်ရင် ရတာပေါ့ဆိုပေမယ့် တို့ ယောဂီတို့သန္တာန်မှာ ကိလေသာတွေက သိပ်များတယ်နော်။ ဆရာကင်းပြီး လုပ်နေရင် ဖြစ်ပေါ်လာတဲ့ အာရုံနိမိတ်ကို ဖြေရှင်းနိုင်ဖို့ခက်တယ်။ ပါးစပ်က ပြောတော့ လွယ်တယ်နော်။ လွယ်လွယ်နဲ့ ခက်တယ်။ တကယ့်ထူးခြားတဲ့ ဓမ္မစွမ်းရည်များ ပြည့်ဝလာတဲ့အခါ သိမ်မွေ့နက်နဲတဲ့ အာရုံနိမိတ်တွေ ဖြစ်လာတတ်တယ်။ ဒီအာရုံ သဘောတွေကို ပိုင်ပိုင်နိုင်နိုင် ပယ်သတ်ဖို့ ထင်ရှားစွာ အရှိ အသိကိုက်ပြီး အားထုတ်ဖို့ လိုတယ်။

ဒါကြောင့် တရားထူးတွေ့လိုတဲ့ ယောဂီဟာ ဆရာကောင်း မှီဝဲပြီး သစ္စာတရားတွေနာ၊ နှလုံးသွင်း မှန်လာတော့ ဝီရိယ တင်ပြီး

http://www.dhammadownload.com



လက်တွေ့ အလုပ်လုပ်ကြလို့မို့ တရားထူး တရားမြတ်ကို မျက်မှောက်ပြုနိုင်ကြပါစေဟု ဆန္ဒပြုရင်း...။

## တရားအားထုတ်ခါနီး ပရိကံပြုရန်

အဟံဘန္တေ သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ဣမံ အတ္တာနံ ဗုဒ္ဓဿ ဓမ္မဿ သံဃဿ အာစရိယဿ အတ္တာယ ဇီဝိတံ နိယျာဒေမိ ပရိစ္စဇာမိ။

ဘန္တေ... အရှင်ဘုရား။ အဟံ... တပည့်တော်သည်၊ သံသာရဝဋ္ဋ ဒုက္ခတော... သံသရာတည်းဟူသော ဝဋ်ဆင်းရဲဘေးအပေါင်းမှ၊ မောစနတ္ထာယ... လွတ်မြောက်ပါရစေခြင်း အကျိုးငှာ၊ ဣမံအတ္တာနံ... ဤခန္ဓာငါးပါးကို၊ ဗုဒ္ဓဿ... မြတ်စွာဘုရားအားလည်းကောင်း၊ ဓမ္မဿ... တရားတော်မြတ်အားလည်းကောင်း၊ သံဃဿ... သံဃာတော်မြတ်အားလည်းကောင်း၊ အာစ

http://www.dhammadownload.com



ရှိယသာ... ဆရာမြတ်အားလည်း ကောင်း၊ အတ္တာဝယ... အကျိုးငှာ၊ ဓိဝိတံ... အသက်ကို၊ နိယျာဒေမိ... အပ်နှင်းပါ၏၊ ပရိစ္စဇာမိ...လှူဒါန်းစွန့်ကြဲပါ၏ အရှင်ဘုရား။

"ဇီဝိတံ စ ဆမာနော်ပိ သိက္ခာပဒါဟံ နစဇာမိ"

ဇီဝိတံ... အသက်ကို၊ စဆမာနော်ပိ... စွန့်လွှတ်ငြားသော်လည်း၊ သိက္ခာပဒံ... ကိုယ်ကျင့်သီလမြတ်ကို၊ အဟံ... တပည့်တော်သည်၊ နစဇာမိ... မစွန့်လွှတ်ပါ အရှင်ဘုရား။

အရှင်ဘုရား တပည့်တော်များသည် တရားအားထုတ်ဆဲ ခဏ၌ ကြောက်ခြင်း၊ လန့်ခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကင်း၍ အားထုတ်ဆဲ အားထုတ်လတ္တံ့ဖြစ်သော ဒါန၊ သီလ၊ စေ ...နာဂကနှင့်တကွ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်

http://www.dhammadownload.com



မှောက်ပြုရပါလို၏ အရှင်ဘုရား။

## ဆုတောင်း

“အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိမရဏမှာ ပရိမုစ္စိဿာမိ”

ဣမာယ ပဋိပတ္တိယာ... မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ဝတ်ပဋိပတ်ကြောင့်၊ ဇာတိဇရာ ဗျာဓိမရဏမှာ... ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းတို့မှ၊ အဒ္ဓါ... မချွတ်ကေန်၊ ပရိမုစ္စိဿာမိ... လွတ်မြောက်ရပါလို၏ အရှင်ဘုရား။

## မေတ္တာပို့

❋ အထက်အရပ်မှာ များသတ္တဝါ
ချမ်းသာကိုယ်စိတ် မြဲကြပါစေ။
အန္တရာယ်ကင်း ဘေးတွေရှင်း

http://www.dhammadownload.com



လက်ငင်း ချမ်းသာကြပါစေ။

❋ အောက်အရပ်မှာ များသတ္တဝါ
ချမ်းသာကိုယ်စိတ် မြဲကြပါစေ။
အန္တရာယ်ကင်း ဘေးတွေရှင်း
လက်ငင်း ချမ်းသာကြပါစေ။

❋ အနန္တ စကြဝဠာ များသတ္တဝါ
ချမ်းသာကိုယ်စိတ် မြဲကြပါစေ။
အန္တရာယ်ကင်း ဘေးတွေရှင်း
လက်ငင်း ချမ်းသာကြပါစေ။

❋ တရားဟော တရားနာ ဘေးရန်ကွာ
ချမ်းသာကိုယ်စိတ် မြဲကြပါစေ။
အန္တရာယ်ကင်း ဘေးတွေရှင်း
လက်ငင်း ချမ်းသာကြပါစေ။

❋ ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ
ကျန်းမာကြပါစေ။

❋ ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ
ချမ်းသာကြပါစေ။

❋ မေတ္တာနှလုံး ကိုယ်စီသုံး

http://www.dhammadownload.com



ရွှင်ပြုံးကြပါစေ။
မေတ္တာရန်သူ ဒေါသမှု
အပူကင်းပါစေ။
မေတ္တာရေချမ်း ကိုယ်စိတ်ဖြန်း
အေးချမ်းကြပါစေ။
ခန္ဓာနှလုံး ကိုယ်စိတ်သုံး
ရွှင်ပြုံးကြပါစေ။
တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း
ငြိမ်းချမ်းကြပါစေ။
တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း
အေးချမ်းကြပါစေ။

## ဆုတောင်းအမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် အမတခေမံ ပြည်နိဗ္ဗာန်ကို ဧကန် ထုတ်ချောက်ရောက်စေသော်။

ယနေ့ယခု အားထုတ်သမျှ မြတ်ဘာဂကို မိဘဆရာ မျိုးသဟာနဲ့ ကိုယ်မှာ

http://www.dhammadownload.com



စောင့်ကြပ် ကိုယ်စောင့်နတ်က အရင်းစ၍
ရှိသမျှလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ
ရှိရှိသမျှ ဝေနေယျတို့ ရကြပါစေ ပေးငှဝေ
သည် များထွေသာခု ခေါ်စေသော်...။